


# ကျောင်းဘေးအန္တရာယ်
# ကင်းရှင်းရေး လက်စွဲစာအုပ်








EUROPEAN COMMISSION
Humanitarian Aid

DFID Department for International Development

adpc

UNDP
Myanmar

## ဤလက်စွဲစာအုပ်ကို

“ဘေးကင်းသောကျောင်း” ဖြစ်စေရေးအတွက် ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ မိဘဆရာအသင်းနှင့် အခြားသက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များတွင် အသုံးပြုရန် ရည်ရွယ်ပါသည်။

# ဥပဒေသ်ာဗဒ်

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသဘာဝဘေးဆိုး ဖြစ်ခဲ့သည်။ ထိုအဖြစ်အပျက်သည် သဘာဝအန္တရာယ်တို့မှ လူတို့အားဒုက္ခ အကြီးမားဆုံးပေးနိုင်ကြောင်းကို ဖော်ပြနေပေသည်။ ထို့အပြင် ၎င်းအဖြစ်အပျက်သည် ဘေးအန္တရာယ်တို့အားကြိုတင် ကာကွယ်ရန်နှင့်ဘေးအန္တရာယ် ဖြစ်နိုင်သည့် အကြောင်းတရားတို့ကို လျှော့ချရန်အတွက် ကျေးရွာအဆင့်မှ စတင်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုမီးမောင်းထိုးပြနေပေသည်။

သမိုင်းအစဉ်အလာအရ မြန်မာနိုင်ငံတွင် မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှု၊ မိုးခေါင်မှု၊ ဆူနာမီ နှင့် မီးဘေးအန္တရာယ် တို့ကျရောက်နိုင်ချေရှိပေသည်။ နာဂစ်မုန်တိုင်း၏ သင်ခန်းစာကြောင့် မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများလုပ်ဆောင်ရန် အခွင့်အလမ်းများပွင့်လာသည်။

မည်သည့်သဘာဝဘေးအန္တရာယ်တွင်မဆို ပထမဆုံးတုန့်ပြန်ဆောင်ရွက်သူများမှာပြည်သူ လူထုပင်ဖြစ်သည်။ ပြည်သူလူထုသည် သူတို့တတ်နိုင်သရွေ့နည်းလမ်းများဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပထမနာရီပိုင်း အတွင်းတုန့်ပြန်နိုင်ကြသည်။ ထို့ကြောင့် ပြည်သူလူထု အခြေပြု သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် မည်သည့်သဘာဝ ဘေးအန္တရာယ်လျှော့ချရေးစီမံကိန်းတွင်မဆို အဓိကအခန်းကဏ္ဍမှ ပါဝင်ပေသည်။ ပြည်သူလူထု သည် သူတို့နေထိုင်ရာဒေသ၏ ပထဝီအနေအထား၊ ဘေးကင်းရာရှောင်တိမ်းသည့်လမ်းကြောင်း၊ မိမိ၏ အားသာချက်၊ အားနည်းချက်တို့ကို သိရှိနားလည်ရန်လိုပေသည်။ သို့မှသာ ပြည်သူလူထု အနေဖြင့် သဘာဝဘေးအန္တရာယ်တို့ကို ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ပေမည်။ ထိုသို့ဖြစ်ပေါ် လာစေရန် ပြည်သူလူထုသည် သဘာဝဘေးအန္တရာယ်လျှော့ချ ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်၍ ဆုံးဖြတ်ချက်များချမှတ်ရန်လိုအပ်ပေသည်။

ဤသို့ဖြင့် ပြည်သူလူထု၏ သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့အား ရင်ဆိုင်နိုင်စွမ်းရည်ကို မြှင့်တင်ပေးရန် နှင့် ထိရောက်စွာဖြေရှင်းသည့် နည်းစနစ်များကိုသင်ကြားပေးရန် အလွန်လိုအပ်လှသည်။ ထိုလုပ်ငန်းစဉ်ကို လုပ်ဆောင်ရန်အတွက် ပြည်သူလူထု အခြေပြုဘေးအန္တရာယ် အကဲဖြတ်မှုများ၊ အရင်းအမြစ်ပြမြေပုံများ၊ ဆွေးနွေး တိုင်ပင်မှုဖြင့်ရလာသည့် ဘေးအန္တရာယ် ကာကွယ်ရေးစီမံကိန်းများနှင့် ပြည်သူလူထုအတွင်းရှိ အရင်းအမြစ်နှင့် အားသာချက်များကို ပြင်ဆင်ထားမှ သာအောင်မြင်မှုရနိုင်ပေသည်။

ကျွန်တော်အားရစွာဖြင့် ဖော်ပြလိုသည်မှာ ဤလက်စွဲစာအုပ်သည် လက်တွေ့လုပ်ငန်းစဉ်များပေါ် အခြေပြု၍ ပြည်သူလူထု၏ အကြံပြုချက်များဖြင့် ပြုစုထားခြင်းဖြစ်ပေသည်။ ကျွန်တော့်အနေဖြင့် ဤကဲ့သို့ပြည်သူလူထုအတွက် သဘာဝဘေး အန္တရာယ်တို့ကိုစနစ်တကျ ထိရောက်စွာတုန့်ပြန်နိုင်စေမည့် လက်စွဲစာအုပ်ဖြစ်ပေါ်လာစေရန် ပါဝင်ကူညီခဲ့ကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း အင်န်ဂျီအို၊ ပြည်ပအင်န်ဂျီအိုများနှင့် ဘေးအန္တရာယ် လျှော့ချရေးအလုပ်အမှုဆောင်အဖွဲ့တို့အား ကျေးဇူးတင်ရှိပါသည်။ ဤလက်စွဲစာအုပ်သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များအားထိရောက်စွာကာကွယ်နိုင်ရေးအတွက် ပြည်သူလူထု၏ အားနည်းချက်များကို လျှော့ပါးစေပြီး၊ အားသာချက်များကို မြှင့်တင်ပေးရန် အထောက်အပံ့ပြုပေသည်။

ဤလက်စွဲစာအုပ်သည် နယ်ပယ်အမျိုးမျိုးရှိ သဘာဝဘေးအန္တရာယ် လျှော့ချရေး တာဝန် ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ ပြည်သူလူထုများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအမျိုးမျိုး တို့အတွက် သဘာဝဘေးအန္တရာယ်ဒဏ်တို့ကို အောင်မြင်စွာ ရင်ဆိုင်နိုင်လာစေရန်နှင့် ဘေးအန္တရာယ်ကင်းလွတ်သည့် အနာဂတ်ကို တည်ဆောက်လာနိုင်စေရန် လမ်းညွှန်ပေးနိုင်လိမ့် မည်ဟုယုံကြည်မျှော်လင့်ပါသည်။


ဘီရှိုးဘီ၊ ပါရာဂျူလီ

Bishow B. Parajuli

ဌာနကိုယ်စားလှယ်

ယူအန်ဒီပီ (မြန်မာ)

# မာတိကာ

**အခန်း ၁**

## ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးမိတ်ဆက်


| | | |
|---|---|---|
| ၁-၁ | နိဒါန်း | ၁ |
| ၁-၂ | 'ဘေးကင်းသောကျောင်း' ဆိုသည်မှာအဘယ်နည်း။ | ၂ |
| ၁-၃ | 'ဘေးကင်းသောကျောင်း' ဖြစ်စေမည့် နည်းလမ်းများ | ၂ |
| ၁-၄ | ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရခြင်း အကြောင်း | ၄ |
| ၁-၅ | 'ဘေးကင်းသောကျောင်း'တွင် ဆက်နွယ်ပတ်သက်အကျိုးဝင်သူများ | ၅ |
| ၁-၆ | လက်စွဲစာအုပ်၏ အတိုင်းအတာနှင့် ကန့်သတ်ချက်များ | ၆ |
| ၁-၇ | 'ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလက်စွဲစာအုပ်' မိတ်ဆက် | ၇ |


**အခန်း ၂**

## လုပ်ငန်းအဆင့် ၁ - ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အခြားသူများအား ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို နားလည်လာစေခြင်းနှင့် ကျောင်းတွင်းအသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း


| | | |
|---|---|---|
| ၂-၁ | ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးမိတ်ဆက်အစည်းအဝေးကျင်းပခြင်း | ၉ |
| ၂-၂ | အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း | ၁၀ |


**အခန်း ၃**

## လုပ်ငန်းအဆင့် ၂ - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း


| | | |
|---|---|---|
| ၃-၁ | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံ | ၁၄ |
| ၃-၂ | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ | ၁၅ |


**အခန်း ၄**

## လုပ်ငန်းအဆင့် ၃ - ကျောင်း၏ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း


| | | |
|---|---|---|
| ၄-၁ | ကျောင်း၏ဘေးအန္တရာယ်ကျရောက်လွယ်မှုကို အကဲဖြတ်ခြင်း | ၁၇ |
| ၄-၂ | ကျောင်း၏စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း | ၂၀ |


**အခန်း ၅**

## လုပ်ငန်းအဆင့် ၄ - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်း


| | | |
|---|---|---|
| ၅-၁ | ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါဝင်သောအကြောင်းအရာများ | ၂၂ |
| ၅-၂ | ကျောင်းမြေပုံ | ၂၃ |

**အခန်း ၆**

**လုပ်ငန်းအဆင့် ၅ - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း။**

၆-၁ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များ ၂၆
၆-၂ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ဖွဲ့စည်းပုံ ၂၇
၆-၃ အဖွဲ့များ၏ လုပ်ငန်းတာဝန်များ ၂၈

**အခန်း ၇**

**လုပ်ငန်းအဆင့် ၆ - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အများသိရှိစေရန် ဆောင်ရွက်ခြင်း** ၃၈

**အခန်း ၈**

**လုပ်ငန်းအဆင့် ၇ - ဇာတ်တိုက်လေ့ကျင့်ခြင်း** ၄၀

**အခန်း ၉**

**အဆင့် ၈ - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အကဲဖြတ်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း** ၄၈

**နောက်ဆက်တွဲ**

၁ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များ ၅၀
၂ လွယ်လင့်တကူကိုးကားရန် ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး ညွှန်ပြချက်များ ၅၉

# အခန်း ၁

# ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးမိတ်ဆက်



## ၁-၁ နိဒါန်း

မြန်မာနိုင်ငံတွင်ဆိုင်ကလုန်းမုန်တိုင်း၊မြေငလျင်၊ ရေလွှမ်းမိုးခြင်း၊မုန်တိုင်းဒီရေလှိုင်း၊ မိုးခေါင်ခြင်း၊ ဆူနာမီရေလှိုင်း၊မီးဘေးအပါအဝင်သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိပါသည်။ ယင်းဘေးအန္တရာယ်များကြောင့် အသက်ဆုံးရှုံးမှုများအပြင် အခြေခံအဆောက်အဦနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အများအပြား ပျက်စီးဆုံးရှုံးရပါသည်။ ၂၀၀၈ခုနှစ်တွင် တိုက်ခတ်ခဲ့သောနာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၈၄,၅၃၇ ဦး၊ ပျောက်ဆုံးသူ ၅၃,၈၃၆ ဦးနှင့် အမေရိကန် ဒေါ်လာ ၄. ၁ ဘီလီယံခန့်တန်ဖိုးရှိသော ပစ္စည်းများ ဆုံးရှုံးမှု ဖြစ်ပွားခဲ့ရပါသည်။ ပညာရေးကဏ္ဍမှာနာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဆိုးရွားစွာထိခိုက်ခဲ့ပါသည်။ စာသင်ကျောင်း ၄၀၀၀ခန့် ထိခိုက်ပျက်စီးခဲ့ရာ နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်သော နယ်မြေဒေသများရှိ စာသင်ကျောင်း စုစုပေါင်း၏ ၆၀%ခန့် ဖြစ်ပါသည်။





ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ဆရာမများ၊ အခြားအထောက်အကူပြုဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးနှင့်ပညာသင်ကြားရေးအတွက် ကျောင်းများကို ဘေးအန္တရာယ်များမှကင်းဝေးလုံခြုံသော ဝန်းကျင်တစ်ရပ်အဖြစ်ဖန်တီးပေးရန်မှာ အရေးကြီးလှပါသည်။



## ၁-၂ 'ဘေးကင်းသောကျောင်း' ဆိုသည်မှာအဘယ်နည်း။

'ဘေးကင်းသောကျောင်း'ဆိုသည်မှာ ဘေးအန္တရာယ်ဖြစ်ပွားသည့်အခါ ကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ဆရာမများနှင့် အထောက်အကူပြုဝန်ထမ်းများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်း အန္တရာယ်ကင်းရှင်းစေရန်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။မူဝါဒအဆင့် ကြားဝင်ဆောင်ရွက်မှုများ၊ အန္တရာယ်အမျိုးမျိုးကို ခံနိုင်ရည်ရှိသည့် စာသင်ကျောင်းအဆောက်အအုံဖြစ်စေခြင်း၊ စဉ်ဆက်မပြတ်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်မှု နည်းပါးသက်သာစေခြင်း၊တားဆီးကာကွယ်ခြင်းလုပ်ငန်းများကိုကျောင်းသား၊ကျောင်းသူများ၊ ဆရာ၊ဆရာမများနှင့် အခြားဆက်နွယ်ပတ်သက်အကျုံးဝင်သူများကဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ 'ဘေးကင်းသောကျောင်း' မူဘောင်ကို ပုံ-၁ တွင် ဖော်ပြထားပါသည်။

**ပုံ-၁ 'ဘေးကင်းသောကျောင်း' မူဘောင်**






## ၁-၃ 'ဘေးကင်းသောကျောင်း' ဖြစ်စေမည့် နည်းလမ်းများ

'ဘေးကင်းသောကျောင်း' ဖြစ်ရန် မူဝါဒအစီအမံများ၊ တည်ဆောက်မှုဆိုင်ရာနှင့် တည်ဆောက်မှုမဟုတ်သော လုပ်ငန်းများစသည့် နည်းလမ်းသုံးသွယ်ဖြင့် ချဉ်းကပ်ရန် လိုအပ်ပါသည်။

*မူဝါဒအစီအမံ* - အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများစသည်တို့ ပါဝင်ပါသည်။ဥပမာ-သင်ရိုးညွှန်းတမ်းတွင်ဘေးအန္တရာယ်လျှော့ချရေးအကြောင်းအရာများထည့်သွင်းခြင်း၊ ကျောင်းများတွင်မီးသတ်ပစ္စည်းကိရိယာများတပ်ဆင်ရန်ဥပဒေအရပြဋ္ဌာန်းထားခြင်း၊ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများအတွက်ရန်ပုံငွေသတ်မှတ်ထားရန် ဥပဒေအရပြဋ္ဌာန်းထားခြင်း တို့ဖြစ်ပါသည်။နယ်မြေဒေသ ကျယ်ပြန့်စွာပါဝင်ခြင်း၊ဥပဒေသတ်မှတ်ချက်ဖြစ်ခြင်း၊တည်ဆောက်မှုဆိုင်ရာနှင့်တည်ဆောက်မှုမဟုတ်သောကြားဝင်ဆောင်ရွက်မှုများအတွက် လုပ်ငန်းဆောင်ရွက်စေနိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းများကြောင့် အသုံးဝင်ပါသည်။



*တည်ဆောက်မှုဆိုင်ရာအစီအမံများ* - စာသင်ခန်းအဆောက်အအုံများကိုဘေးအန္တရာယ်အမျိုးမျိုးမှခံနိုင်ရည်ရှိစေရန်ပိုမိုခိုင်ခံ့စေခြင်းနှင့်တည်ဆောက်ခြင်း၊ကျောင်းဝင်းအတွင်းကွင်းပြင်နေရာများ ထားရှိခြင်း၊ အဆောက်အအုံတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများတပ်ဆင်ခြင်း၊မသန်စွမ်းသူများအတွက်လှေကားထစ်အစားအသုံးပြုရန် လျှောစောက် တည်ဆောက်ခြင်းတို့ ပါဝင်ပါသည်။



*တည်ဆောက်မှုမဟုတ်သောအစီအမံများ* - ကျောင်းအတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်း၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း၊ ဘေးအန္တရာယ်ဖြစ်ပွားချိန် ဆောင်ရန်/ရှောင်ရန်များအကြောင်းအသိပညာပေးရန်စီမံဆောင်ရွက်ခြင်း၊ကြိုတင်ပြင်ဆင်မှုကိုဆန်းစစ်နိုင်ရန်နှင့်ပိုမိုကောင်းမွန်သောအစီအစဉ်များဖော်ထုတ်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခြင်း



**ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများ အကောင်အထည်ဖော်ရန် လုပ်ငန်းအဆင့် (၈)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

လုပ်ငန်းအဆင့် (၁) ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အခြားသူများအား ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကိုနားလည်ကျွမ်းဝင်လာစေခြင်း နှင့် ကျောင်းတွင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

↓

လုပ်ငန်းအဆင့် (၂) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း

↓

လုပ်ငန်းအဆင့်(၃) ကျောင်း၏ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့်စွမ်းဆောင်ရည်အကဲဖြတ်ခြင်း

↓

လုပ်ငန်းအဆင့် (၄) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်း

↓

လုပ်ငန်းအဆင့် (၅) ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့၍ လေ့ကျင့်သင်တန်းပေးခြင်း

↓

လုပ်ငန်းအဆင့် (၆) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကိုအများသိရှိစေရန် ဆောင်ရွက်ခြင်း

↓

လုပ်ငန်းအဆင့် (၇) ကြိုတင်ပြင်ဆင်မှုအပေါ် ဆန်းစစ်ရန်နှင့်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်သည်များကိုဖော်ထုတ်ရန်အတွက်ပုံမှန်ဇာတ်တိုက်လေ့ကျင့်ခြင်း

↓

လုပ်ငန်းအဆင့် (၈) ဇာတ်တိုက်လေ့ကျင့်ရာမှတွေ့ရှိချက်များ သို့မဟုတ် ယခင်က ဖြစ်ပွားခဲ့ဖူးသောဘေးအန္တရာယ်များအပေါ် အခြေခံ၍ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အကဲဖြတ်သုံးသပ်ပြီး လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ခြင်း



## ၁-၄ ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရခြင်းအကြောင်း

ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးသည်အောက်ပါအကြောင်းများကြောင့်အရေးကြီး ပါသည်။

(က) *ဘေးအန္တရာယ်ကျရောက်လွယ်သောအုပ်စုဖြစ်ခြင်း* - ကလေးသူငယ်များသည် လူ့အဖွဲ့အစည်း၏ အနာဂတ်ဖြစ်ပါသည်။ ဘေးအန္တရာယ်ဖြစ်ပွားသောအခါ ခုခံကာကွယ်

နိုင်စွမ်းအနည်းဆုံးသူများလည်းဖြစ်ပါသည်။ထို့ကြောင့်ကလေးသူငယ်များ ဘေးအန္တရာယ် ကင်းရှင်းရေးမှာ အထူးအရေးကြီးပါသည်။

(ခ) *အပြောင်းအလဲဖြစ်စေနိုင်သူများဖြစ်ခြင်း* - ကလေးသူငယ်များသည် အပြောင်းအလဲ ဖြစ်စေနိုင်သူအဖြစ်ဆောင်ရွက်ရန်အသင့်တော်ဆုံး ဖြစ်ပါသည်။ ဘေးအန္တရာယ် ကြိုတင် ပြင်ဆင်ရေး၊ ဘေးလျော့ပါးစေရေးနှင့် တားဆီးကာကွယ်နိုင်ရေးတို့ကို ပြည်သူလူထု အတွင်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာစေရန်ကလေးများက ကူညီနိုင်ပါသည်။

(ဂ) *မျိုးဆက်သုံးဆက်သို့ရောက်ရှိခြင်း* - ကလေးသူငယ်ကို ပညာပေးခြင်းသည် မျိုးဆက် သုံးဆက်ကို ပညာပေးရာရောက်သည်ဟုဆိုကြပါသည်။ ကလေးသူငယ်က အိမ်ရှိမိဘများ ကို ပြန်လည်ပြောပြပါမည်။ ကိုယ်တိုင်မိဘဖြစ်လာသောအခါတွင်လည်း သားသမီး များအား ပြန်လည် ပြောပြပါလိမ့်မည်။

(ဃ) *ရပ်ရွာတွင် ဗဟိုအချက်အခြာဖြစ်ခြင်း* -အထူးသဖြင့် ကျေးလက်ဒေသများတွင် စာသင် ကျောင်းများသည် ရပ်ရွာ၏ ဗဟိုအချက်အခြာဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းနှင့် သာရေးနာရေးကိစ္စရပ်များမှာ ကျောင်းကို ဗဟိုပြု၍ လုပ်ဆောင်ကြပါသည်။

(င) *ကယ်ဆယ်ရေး/ဘေးကင်းသောခိုလှုံရန်နေရာ* - မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများ အပြားတွင် ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကျောင်းအဆောက်အအုံများကို ကယ်ဆယ် ရေးဆောင်ရွက်ရန်နေရာနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ခိုလှုံရန်နေရာ အဖြစ် အသုံးပြုသည့်လေ့ရှိပါသည်။ကျောင်းအဆောက်အအုံများထိခိုက်ပျက်စီးလျှင်ကယ်ဆယ်ရေး နှင့် ဘေးကင်းရာရွှေ့ပြောင်း ခြင်းလုပ်ငန်းများ ရှုပ်ထွေးသွားမည်ဖြစ်ပါသည်။

(စ) *စာသင်နှစ်ပြက္ခဒိန်တွင် စာသင်ကာလဆုံးရှုံးခြင်း* - ပညာရေးကဏ္ဍထိခိုက်ဆုံးရှုံးမှုများ ကြောင့် စာသင်နှစ်အတွင်း စာသင်ကာလဆုံးရှုံးရပါသည်။

(ဆ) *လူမှုစိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု* - ကလေးသူငယ်များမှာ ဘေးအန္တရာယ်ကြောင့် အဆိုးရွား ဆုံးထိခိုက်ခံရသူများတွင် ပါဝင်ရာ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှု လိုအပ် ပါသည်။ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခြင်းဖြင့် ကလေးသူငယ်များသည် ပညာသင်ကြား ရေးကိုအာရုံစူးစိုက်နိုင်ပြီး အတန်းဖော်များနှင့် ပြန်လည်ထိတွေ့နိုင်ခြင်းကြောင့် အရေးပါ သော စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှု ရရှိနိုင်ပါသည်။



## ၁-၅ ‘ဘေးကင်းသောကျောင်း’ တွင် ဆက်နွယ်ပတ်သက်အကျိုးဝင်သူများ

‘ဘေးကင်းသောကျောင်း’ ဖြစ်စေရေးအတွက် ဆက်နွယ်ပတ်သက်အကျိုးဝင်သူများအားလုံးက ပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။ အရေးပါသောဆက်နွယ်ပတ်သက်အကျိုးဝင်သူများကို အောက်တွင်ဖော်ပြထားပါသည်။

- ကျောင်းအုပ်ကြီး
- ဆရာ၊ဆရာမများ
- အထောက်အကူပြုဝန်ထမ်းများ

- မိဘများ
- အခြေခံပညာဦးစီးဌာန
- ရပ်ရွာခေါင်းဆောင်များ၊ရပ်မိရပ်ဖများ၊
- ကျောင်းသား၊ကျောင်းသူများ
- မီးသတ်ဦးစီးဌာန၊အရန်မီးသတ်တပ်ဖွဲ့
- မြန်မာနိုင်ငံရဲတပ်ဖွဲ့
- မြန်မာနိုင်ငံကြက်ခြေနီအသင်း
- အင်ဂျင်နီယာများ
- ဆရာဝန်များ
- နယ်မြေခံအင်န်ဂျီအိုများ
- သံဃာတော်များ



## ၁-၆ လက်စွဲစာအုပ်၏ အတိုင်းအတာနှင့် ကန့်သတ်ချက်များ

ဤ'ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလက်စွဲစာအုပ်'တွင်ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရေး၊ ထိခိုက်မှုနည်းပါးသက်သာစေရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် တည်ဆောက်ရေး မဟုတ်သော အစီအမံများ ပါဝင်ပါသည်။ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အခြားသောဆက်နွယ်ပတ်သက်အကျိုးဝင်သူများဖြစ်သည့် အစိုးရ၊ အင်န်ဂျီအိုများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ နယ်မြေခံအာဏာပိုင်များကို 'ဘေးကင်းသော ကျောင်း' ဖြစ်စေရေးအတွက် ကျောင်းတွင်ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများ ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ပါသည်။

ဤလက်စွဲစာအုပ်ကို 'ရပ်ရွာအခြေပြုရပ်ရွာရှေးဦးသူနာပြုစုနည်းလက်စွဲ'၊ 'ရပ်ရွာအခြေပြုရှာဖွေရေးနှင့်ကယ်ဆယ်ရေးလက်စွဲ' စာအုပ်များနှင့် တွဲဖက်အသုံးပြုသင့်ပါသည်။ 'ဘေးအန္တရာယ် ပညာပေးရင်းမြစ်အိတ်'တွင်ပါဝင်သောအချက်အလက်များနှင့် ဤ 'ကျောင်းဘေးအန္တရာယ် ကင်းရှင်းရေးလက်စွဲစာအုပ်' တို့သည် 'ဘေးကင်းသောကျောင်း' ဖြစ်စေရေးအတွက် တွဲဖက် အထောက်အကူပြုမည် ဖြစ်ပါသည်။

'ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး'ဆိုင်ရာမူဝါဒနှင့် တည်ဆောက်ရေးအစီအမံများကို လက်စွဲ စာအုပ်တွင် ထည့်သွင်းဖော်ပြမည် မဟုတ်ပါ။



## ၁-၇ 'ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလက်စွဲစာအုပ်' မိတ်ဆက်

ဤလက်စွဲစာအုပ်တွင် အခန်း (၈)ခန်းနှင့် နောက်ဆက်တွဲတို့ ပါဝင်ပါသည်။

အခန်း ၁ 'ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးမိတ်ဆက်' တွင် ကျောင်းတွင် ဘေးအန္တရာယ် ကင်းရှင်းရန် လိုအပ်ပုံနှင့် အခြေခံယူဆချက်များကို ဖော်ပြထားပါသည်။

အခန်း ၂ 'လုပ်ငန်းအဆင့် (၁) ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အခြား သူများအားကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို နားလည်ကျွမ်းဝင်လာစေခြင်းနှင့် ကျောင်းတွင်း အသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း'တွင်ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူ များနှင့်အခြားသူများအား ဘေးအန္တရာယ်စီမံခန့်ခွဲခြင်းကို သိနားလည်လာစေရန်ဆောင်ရွက်ခြင်း နှင့်ဘေးအန္တရာယ်များနှင့်ပတ်သက်၍ အလေးထားဂရုပြုမှုရှိလာစေရေးအတွက် ကျောင်းတွင် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းအဆင့်များကို ဖေါ်ပြထားပါသည်။

အခန်း ၃ 'လုပ်ငန်းအဆင့်(၂) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း' တွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းမှုနှင့် တာဝန်နှင့်ဝတ္တရားများကို ဖေါ်ပြထား ပါသည်။

အခန်း ၄ 'လုပ်ငန်းအဆင့်(၃) ကျောင်း၏ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် အကဲဖြတ်ခြင်း'တွင်ကျောင်းများတွင်ဘေးအန္တရာယ်ကျရောက်လွယ်မှုအခြေအနေနှင့်စွမ်းဆောင် ရည်ကိုအကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များပါဝင်ပါသည်။

အခန်း ၅ 'လုပ်ငန်းအဆင့်(၄) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်း' တွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်နှင့် ပါဝင်သင့်သည့် အကြောင်း အရာများ ကို ဖော်ပြထားပါသည်။

အခန်း ၆ 'လုပ်ငန်းအဆင့်(၅) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊စွမ်းဆောင်ရည်မြှင့်တင်ခြင်း'တွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအောက်တွင် ဖွဲ့စည်းသင့်သည့်အဖွဲ့များစာရင်းကို အကြံပြုတင်ပြထားပါသည်။ ထို့ပြင် အဆိုပါ အဖွဲ့များ၏ လုပ်ငန်းတာဝန်များကိုလည်းဖေါ်ပြထားပါသည်။

အခန်း ၇ 'လုပ်ငန်းအဆင့်(၆) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အများသိရှိ စေရန်ဆောင်ရွက်ခြင်း'တွင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ဖြန့်ဝေခြင်း၏အရေးပါပုံ နှင့် လုပ်ဆောင်ရမည့်နည်းလမ်းများ ပါဝင်ပါသည်။

အခန်း ၈ 'လုပ်ငန်းအဆင့်(၇) ဇာတ်တိုက်လေ့ကျင့်ခြင်း' တွင် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် အသုံးပြုနိုင်မည့်လုပ်ငန်းအဆင့်ဆင့်ကိုဖော်ပြထားပါသည်။

အခန်း ၉ 'လုပ်ငန်းအဆင့်(၈) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အကဲဖြတ်သုံးသပ်ခြင်းနှင့်ဖြည့်စွက်ပြင်ဆင်ခြင်း'တွင် အစီအစဉ်ကို အချိန်ကာလအလိုက် ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် ဖြည့်စွက်ပြင်ဆင်နိုင်ရန် ဆောင်ရွက်နိုင်မည့် လုပ်ငန်းအဆင့်ဆင့်ကို ဖော်ပြထားပါသည်။



**အခန်း ၁ တွင် လေ့လာခဲ့သမျှ . . .**

- ဘေးကင်းသောကျောင်းဆိုသည်မှာအဘယ်နည်း။
- ဘေးကင်းသောကျောင်းဖြစ်စေမည့် နည်းလမ်းများ
- ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရခြင်းအကြောင်း
- ဘေးကင်းသောကျောင်းနှင့်ဆက်နွယ်ပတ်သက် အကျိုးဝင်သူများ
- လက်စွဲစာအုပ်၏ အတိုင်းအတာနှင့် ကန့်သတ်ချက်များ
- 'ကျောင်းအန္တရာယ်ကင်းရှင်းရေး လက်စွဲစာအုပ်' ခြုံငုံဖော်ပြချက်

# အခန်း ၂

## လုပ်ငန်းအဆင့်(၁) ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် အခြားသူများအားကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကို နားလည်ကျွမ်းဝင်လာစေခြင်း နှင့် ကျောင်းတွင်း အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း




### ၂-၁ ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးမိတ်ဆက်အစည်းအဝေးကျင်းပခြင်း

'ဘေးကင်းသောကျောင်း' ဖြစ်ရေးအတွက် ပထမလုပ်ငန်းအဆင့်အနေဖြင့် ကျောင်းတွင်းဘေးအန္တရာယ်စီမံခန့်ခွဲရေး ရှင်းလင်းဆွေးနွေးရန် အစည်းအဝေးတစ်ရပ်ဖြင့် စတင်သင့်ပါသည်။ ရည်ရွယ်ချက်မှာ ကျောင်းရှိပုဂ္ဂိုလ်များ၏ ဘေးအန္တရာယ်ဆိုင်ရာ သိမြင်နားလည်မှုမြှင့်တင်ခြင်းဖြင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲထားရှိရန် လိုအပ်ချက်ကို နားလည်သဘောပေါက်လာစေရန် ဖြစ်ပါသည်။

▲

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးမိတ်ဆက်အစည်းအဝေး



အစည်းအဝေးတွင် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆွေးနွေးနိုင်ပါသည်။

- ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် မည်သည့်ဘေးအန္တရာယ်များ ကျရောက်နိုင်ပါသနည်း။
- ဘေးအန္တရာယ်ကြောင့် ကျောင်းအပေါ် သက်ရောက်မှုရှိနိုင်ပုံ
- ဘေးအန္တရာယ်များ၏ ထိခိုက်မှုကို လျော့နည်းကျဆင်းစေရန် မည်သည့်လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါသနည်း။
- ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် လျော့ပါးသက်သာစေခြင်း အစီအမံများ၏ အားသာချက်များ
- လိုအပ်သော အရင်းအမြစ်များ
- ကျောင်းတွင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများ ပြုလုပ်ရာတွင် ပံ့ပိုးမှု ပေးနိုင်ဖွယ်ရှိသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ
- ဘေးအန္တရာယ်အမျိုးမျိုးနှင့်စပ်လျဉ်း၍ဆောင်ရန်/ရှောင်ရန်များကို သိနားလည်စေခြင်း

အစည်းအဝေးတွင် ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများ၊အတန်းကြီးကျောင်းသား၊ကျောင်းသူများ အနက်မှရွေးချယ်ထားသူများ၊နယ်မြေခံအင်န်ဂျီအိုများ၊မြန်မာနိုင်ငံကြက်ခြေနီအသင်း၊သံဃာတော်များ၊ ရပ်ရွာအတွင်းမှလူကြီးသူမများ၊ နယ်မြေခံမီးသတ်ဦးစီးဌာန၊ အရန်မီးသတ်တပ်ဖွဲ့နှင့် နယ်မြေခံအခြေခံပညာဦးစီးဌာနကိုယ်စားလှယ်တို့ ပါဝင်သင့်ပါသည်။ အစည်းအဝေးတွင် ဆရာမများ နှင့် ကျောင်းသူများ ပါဝင်ရန် အားပေးရပါမည်။

သိမြင်နားလည်မှုရရှိရေးမိတ်ဆက်အစည်းအဝေးများသည် ဆက်နွယ်ပတ်သက်အကျိုးဝင်သူများ အားလုံး ဆွေးနွေးဖော်ထုတ်နိုင်မှု အခြေအနေတစ်ရပ်နှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အတွက် ဝန်းကျင်တစ်ရပ်ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမ အရေအတွက်နည်းပါးသော ကျောင်းများတွင်မူ အခြားကျောင်းများနှင့် နီးကပ်စွာတည်ရှိလျှင် အဆိုပါအစည်းအဝေးများကို အခြားကျောင်း များနှင့်ပေါင်း၍ ကျင်းပပြုလုပ်နိုင်ပါသည်။ နယ်မြေခံအင်န်ဂျီအိုများ သို့မဟုတ် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူများမှ အဆိုပါအစည်းအဝေးများအတွက် ကူညီဆောင်ရွက်ပေး နိုင်ပါသည်။



## ၂-၂ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ဝန်းကျင်တစ်ရပ်ဖန်တီးရာတွင် အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန် အရေးကြီးပါသည်။

အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေဒေသအခြေအနေနှင့် ရရှိနိုင်သော အရင်းအမြစ်များအပေါ် အခြေခံ၍ ဆောင်ရွက်နိုင်ပါသည်။ နည်းလမ်းအချို့မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(က) *ဘေးအန္တရာယ်စီမံခန့်ခွဲရေး ပိုစတာပြိုင်ပွဲ* ကျင်းပ၍ ဆုရသောပိုစတာများကို ကျောင်းကြော်ငြာသင်ပုန်းတွင်ဖော်ပြထားနိုင်ပါသည်။

**ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပိုစတာပြိုင်ပွဲ၊ ဧရာဝတီတိုင်း**



(ခ) ဘေးအန္တရာယ်နှင့် ပတ်သက်၍ အလေးထားဂရုပြုမှုရှိစေရန် *စာစီစာကုံးပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲ*များမှာ ထိရောက်သောနည်းလမ်းများ ဖြစ်ပါသည်။

**ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာစာစီစာကုံးပြိုင်ပွဲ**
**ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း**




(ဂ) 'နိုင်ငံတကာဘေးအန္တရာယ်လျှော့ချရေးနေ့' ကို အောက်တိုဘာလ၏ ဒုတိယမြောက် ဗုဒ္ဓဟူးနေ့တွင် ကမ္ဘာတစ်ဝှမ်း၌ ကျင်းပပြုလုပ်ကြပါသည်။ ဤအထိမ်းအမှတ်နေ့တွင် အသိပညာပေးရေး လှုပ်ရှားမှုများ ပြုလုပ်နိုင်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေး လ ကို သတ်မှတ်ကျင်းပနိုင်ပါသည်။

(ယ) ဘေးအန္တရာယ်များနှင့် ပတ်သက်သော ဆောင်ရန်/ရှောင်ရန်များကို ပြဇာတ် သို့မဟုတ် သရုပ်ဆောင်မှု သို့မဟုတ် သီချင်းရေးစပ်နိုင်ပါသည်။



(င) ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများက ကျောင်းအတွင်းနှင့် လူ့အဖွဲ့အစည်းအတွင်းတွင် ဘေးအန္တရာယ်လျော့ချရေး ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုပွဲများ ကျင်းပနိုင်ပါသည်။

(စ) ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဓာတ်ပုံပြပွဲ သို့မဟုတ် သတင်းစာဖြတ်ပိုင်းပြပွဲများ စီစဉ်ကျင်းပနိုင်ပါသည်။ အထွေထွေဘေးအန္တရာယ် စီမံခန့်ခွဲရေးအတွက်ဖြစ်စေ၊ ဘေးအန္တရာယ်တစ်ခုစီအတွက် သီးခြား ဖြစ်စေ ပြုလုပ်နိုင်ပါသည်။

(ဆ) အတွေ့အကြုံရှင်းလင်းပွဲ သို့မဟုတ် ဟောပြောပွဲများကို ကျောင်းတွင် ကျင်းပနိုင်ပါသည်။ဘေးအန္တရာယ်စီမံခန့်ခွဲမှုကျွမ်းကျင်သူသို့မဟုတ် ဆရာ၊ဆရာမ သို့မဟုတ် ကျောင်းသား၊ကျောင်းသူက ယခင်ကဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များ၊ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အတွေ့အကြုံများ စသည်တို့ကို မျှဝေနိုင်ပါသည်။

(ဇ) ဘေးအန္တရာယ်စီမံခန့်ခွဲမှုအသင်းများကို သဘာဝပတ်ဝန်းကျင်အသင်း သို့မဟုတ် ဂေဟစနစ်အသင်းများပုံစံဖြင့် ဖွဲ့စည်းပြီး ကလေးသူငယ်များအကြား စိတ်ပါဝင်စားမှုနှင့် အလေးထားဂရုပြုမှုရရှိစေရန် ဆောင်ရွက်နိုင်ပါသည်။

(ဈ) ကျောင်းသားကျောင်းသူများအား အနီးပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆောင်ရွက်သော မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ သို့မဟုတ် အင်န်ဂျီအို

တစ်ခုခုသို့ သွားရောက် လေ့လာစေခြင်းဖြင့် ကျောင်းသား၊ကျောင်းသူများ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကို စိတ်ပါဝင်စားရန် ဆောင်ရွက်နိုင်ပါသည်။

(ည) လက်ကမ်းစာစောင်များ၊ နံရံကပ်ပန်းချီများ၊ လက်တွေ့သရုပ်ဆောင်ပြသမှုများ၊ ဓာတ်ပုံပြပွဲများ စသည်တို့သည်လည်း ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျောင်းသား၊ကျောင်းသူများ အလေးထားဂရုပြုမှု ရှိလာစေရန် ဆောင်ရွက်နိုင်သော နည်းလမ်းများဖြစ်ပါသည်။



**အခန်း ၂ တွင် လေ့လာခဲ့သမျှ. . .**

- **ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်လိုအပ်ပုံကိုဆရာ၊ဆရာမ နှင့် ကျောင်းသား၊ကျောင်းသူများ အား အသိပေးမိတ်ဆက်ခြင်း**
- **ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးရေး စီမံခန့်ခွဲမှု နည်းလမ်းကိရိယာများ**

# အခန်း ၃

## လုပ်ငန်းအဆင့် ၂ – ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း




### ၃-၁ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ၏ ဖွဲ့စည်းပုံ

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုသည် ဆက်နွယ်ပတ်သက်အကျိုးဝင်သူများ ပါဝင်လျက် ပုံမှန်နှင့် ရေရှည်လုပ်ဆောင်ရသောလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ပါသည်။ ကော်မတီကို ကျောင်းအုပ်ကြီး သို့မဟုတ် တာဝန်ခံ ဆရာ၊ဆရာမက ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များ ပါဝင်နိုင်ပါသည် -

- ဆရာ/ဆရာမများ
- ရွေးချယ်ထားသောမိဘများ
- အတန်းကြီးကျောင်းသားများ (၂ဦးမှ၄ဦး)
- မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာ့ဝန်ထမ်းများ
- နယ်မြေခံအင်န်ဂျီအိုမှ ကိုယ်စားလှယ်များ

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းရန် ဆွေးနွေးနေပုံ



ကော်မတီတွင် ရပ်ရွာမှကျွမ်းကျင်သူများကိုလည်း ကော်မတီဝင်အဖြစ် ဖြစ်စေ၊ အထောက်အပံ့ ပေးနိုင်မည့်ပုဂ္ဂိုလ်အဖြစ် ဖြစ်စေ ပါဝင်စေနိုင်ပါသည်။ ဥပမာ-

- နယ်မြေခံ မီးသတ်ဦးစီးဌာန/အရန်မီးသတ်တပ်ဖွဲ့
- အင်ဂျင်နီယာများ၊ဗိသုကာပညာရှင်များ
- ဘူမိဗေဒပညာရှင်များ
- ဆရာဝန်များ၊ဆေးဝါးကျွမ်းကျင်သူများ၊သူနာပြုများ
- ဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက်လေ့ကျင့်သင်တန်းပေးထားပြီးသူများ
- နယ်မြေခံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၊



## ၃-၂ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ကျောင်းတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းများအတွက် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကော်မတီသည် အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါမည် -

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲခြင်း
- အခြား ဆက်နွယ်ပတ်သက်အကျိုးဝင်သူများ၏ ပံ့ပိုးမှုဖြင့် အစီအစဉ်ကို အကောင်အထည်ဖော်ခြင်း
- ကျောင်းတွင်ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ လစ်ဟာချက်များကို ဖော်ထုတ်နိုင်ရန် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးလျက် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ပုံမှန် ဖြည့်စွက်ပြင်ဆင်ခြင်း
- ကျောင်းများတွင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို အခြေခံပညာဦးစီးဌာနကိုယ်စားဆောင်ရွက်ခြင်း
- ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို ထိရောက်စွာဆောင်ရွက်ရန် အကြောင်းအရာအမျိုးမျိုးအတွက် အဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ပေးအပ်ခြင်း၊
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျောင်းနှင့်ဆက်နွယ်ပတ်သက်အကျိုးဝင်သူများ အားလုံး သိရှိရန် ဖြန့်ဖြူးခြင်း

ကော်မတီသည် အခါအားလျော်စွာ အစည်းအဝေးများကျင်းပ၍ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းအကောင်အထည်ဖော်မှုအပါ် တိုးတက်မှုကို ပြန်လည်သုံးသပ်ပြီး ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးနှင့်ဘေးလျော့ပါးရေး ရှေ့လုပ်ငန်းစဉ်များကို ရေးဆွဲရပါမည်။



အခန်း ၃ တွင် လေ့လာခဲ့သမျှ. . .

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီတွင် ပါဝင်သင့်သူများ အကြံပြုချက်
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များ

# အခန်း ၄

# လုပ်ငန်းအဆင့် ၃ – ကျောင်း၏ဘေးအန္တရာယ် ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း



## ၄-၁ ကျောင်း၏ဘေးအန္တရာယ်ကျရောက်လွယ်မှုကို အကဲဖြတ်ခြင်း

ဤလုပ်ငန်းအဆင့်ဆောင်ရွက်ရသည့် ဦးတည်ချက်မှာ ကျောင်းများ ရင်ဆိုင်တွေ့ကြုံရသည့် ဘေးအန္တရာယ်များကို ဖော်ထုတ်ရန်နှင့် ယင်းဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် လက်ရှိစွမ်းဆောင်ရည်များကို အကဲဖြတ်ရန် တို့ဖြစ်ပါသည်။

ဤလုပ်ငန်းကိုဆောင်ရွက်ရန် ယခင်ကဖြစ်ပွားခဲ့သောဘေးအန္တရာယ်များကို လေ့လာပြီး စာသင်ကျောင်းနှင့်ပတ်ဝန်းကျင်အပေါ် အလားတူဘေးအန္တရာယ်များ၏ ထိခိုက်နိုင်မှုကို ဖော်ပြခြင်းဖြင့်စတင်နိုင်ပါသည်။ အချိန်ကာလအလိုက်ဖြစ်စဉ်ကို ကော်မတီမှ ရေးဆွဲရာတွင် ကော်မတီအတွင်း ဆွေးနွေးခြင်းဖြင့်လည်းကောင်း၊ အစိုးရဌာနများ၊ အထူးသဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြားအင်ဂျီအိုများနှင့် ညှိနှိုင်းဆွေးနွေးလျက်လည်းကောင်း ရေးဆွဲနိုင်ပါသည်။ အဆိုပါဌာနများ၏ မှတ်တမ်း၊အစီရင်ခံစာများကိုလည်း အသုံးပြုနိုင်ပါသည်။ အချိန်ကာလအလိုက် ဖြစ်စဉ်ရေးဆွဲပုံကို အောက်ဖော်ပြပါ ဇယား-၁တွင် လေ့လာနိုင်ပါသည်။

ဇယား ၁ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၏ အချိန်ကာလအလိုက် ဘေးအန္တရာယ်ဖြစ်စဉ်ဖော်ပြချက်

| ခုနှစ်၊လ | ဘေးအန္တရာယ် အမျိုးအစား | ထိခိုက်မှု | ကျောင်းတွင် ထိခိုက်မှု | အခြားသတင်း အချက်အလက်များ |
|---|---|---|---|---|
| ၂၀၀၈၊ မေလ | နာဂစ်မုန်တိုင်း | - လူဦးရေထောင်ပေါင်းများစွာ သေဆုံး<br>- အိုးအိမ်များစွာ ပျက်စီး | ကျောင်း အဆောက်အအုံ ပျက်စီး | မုန်တိုင်းဒီရေလှိုင်းကြောင့် အများအပြား သေကြေပျက်စီး |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

ယခင်က မဖြစ်ပွားခဲ့ဖူးသော်လည်း နောင်အခါ ဖြစ်ပွားနိုင်သော ဘေးအန္တရာယ်များကို ဖော်ထုတ်ရပါမည်။ အချိန်အတန်ကြာမှ တစ်ကြိမ်ပြန်ဖြစ်တတ်သည့် ဆူနာမီ၊ မြေငလျင် စသည်တို့လည်း ပါဝင်နိုင်ပါသည်။

ကျရောက်နိုင်သောဘေးအန္တရာယ်များကို ဖော်ထုတ်ပြီးသောအခါ ဘေးရန်ပြက္ခဒိန် သို့မဟုတ် အချိန်ကာလပြမြေပုံ ရေးဆွဲရပါမည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အချိန်ကာလအလိုက် ဖြစ်ပေါ်တတ်သော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုအစီအစဉ် ရေးဆွဲရာတွင် အထောက်အကူပြုနိုင်ပါသည်။ ဥပမာ - မြန်မာနိုင်ငံတွင် ယခင်ဖြစ်စဉ်များအရ ဧပြီမှ မေလနှင့် အောက်တိုဘာလမှ ဒီဇင်ဘာလများတွင် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများ ဝင်ရောက်တတ်ပါသည်။

**ဇယား ၂ ဘေးရန်ပြက္ခဒိန် (ရာသီအလိုက်ကျရောက်နိုင်သောဘေးအန္တရာယ်)**

| ဘေးရန် | အချိန်ကာလ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩ | စက် | အောက် | နို | ဒီ |
| ရေလွှမ်း | | | | | | | | | | | | |
| မြေပြို | | | | | | | | | | | | |
| မုန်တိုင်း | | | | | | | | | | | | |
| မိုးခေါင် | | | | | | | | | | | | |
| မီးလောင် | | | | | | | | | | | | |
| ဆူနာမီ | | | | | | | | | | | | |
| အခြား | | | | | | | | | | | | |


ကျောင်းဝင်းအတွင်းတွင် အောက်ပါတို့ကြောင့် လူအနည်းငယ် သို့မဟုတ် တစ်စုံတစ်ယောက်ကို ဘေးအန္တရာယ် ဖြစ်ပွားနိုင်ပါသည်။

- လှေကားများ ကျဉ်းမြောင်းခြင်း သို့မဟုတ် လက်ရမ်းမပါခြင်း
- မုန့်စားဆင်းချိန်သို့မဟုတ် အခြားအချိန်များတွင် အလုအယက်ပြေးလွှားကြရာမှ ချော်လဲခြင်း၊အချင်းချင်း နင်းမိခြင်း
- ရေကူးကန်တွင် အစောင့်မရှိခြင်း
- မလုံခြုံသောကစားကွင်းများ
- ထွက်ပေါက်အဖြစ် အသုံးပြုနိုင်မည့်တံခါးနှင့် ပြတင်းပေါက်များကို သော့ခတ်ထားခြင်း

**သော့ခတ်ထားသော ကျောင်းဝင်ထွက်ပေါက်**




- လျှပ်စစ်စီးနေသော လျှပ်စစ်ကြိုးများ မြေကြီးနှင့် ထိနေခြင်း
- မြင့်မားသော စာအုပ်စင် ဘီရိုများကို နံရံနှင့် မြဲမြံစွာ တွဲချိတ်မထားခြင်း



- အားကစားပစ္စည်းကိရိယာများမှ မတော်တဆမှုဖြစ်ခြင်း
- မီးလောင်လွယ်သော လောင်စာဆီများ သိုလှောင်ထားရှိရာနေရာမှာ လုံခြုံမှု မရှိခြင်း

ကျောင်းအနီးပတ်ဝန်းကျင်တွင်အောက်ပါတို့ကြောင့်ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူ များကို အန္တရာယ်ဖြစ်စေနိုင်ပါသည်။

- လျှပ်စစ်ကြိုးများနှင့် ထရန်စဖော်မာများ



- သစ်ပင်ကြီးများနှင့် သစ်ကိုင်းကြီးများ
- အဝေးပြေးလမ်းမကြီး သို့မဟုတ် ရထားလမ်း
- မြစ်၊ တာတမံ၊ငါးမွေးကန်၊ရေကန် စသည်
- စက်ရုံအလုပ်ရုံများ၊ ဓာတုပစ္စည်းစက်ရုံများ
- ဖုံးအုပ်မထားသော ရေတွင်းနှင့် တွင်းများ

ကျောင်းအဆောက်အအုံများ၏ တည်ဆောက်မှုဆိုင်ရာ လုံခြုံစိတ်ချရမှု ရှိရန်မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ကျွမ်းကျင်သောအင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များသည် တည်ဆောက်မှုဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အကဲဖြတ်ရာတွင် ပါဝင်ကူညီသင့်ပါသည်။



## ၄-၂ ကျောင်း၏စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း

အန္တရာယ်အကဲဖြတ်မှု ပြုလုပ်ပြီးနောက် ကျောင်းများ၏ စွမ်းဆောင်ရည် အကဲဖြတ်ချက် ကို ဆက်လက်ပြုလုပ်ရန် ဖြစ်ပါသည်။ စွမ်းဆောင်ရည်ဆိုရာ၌ အောက်ပါတို့ ပါဝင်ပါသည်။

- မီးငြိမ်းသတ်ရန် သဲအိတ်များ သို့မဟုတ် မီးသတ်ဆေးဗူးများ၊ မီးချိတ်၊ မီးကပ်များ ထားရှိခြင်း
- ဆက်သွယ်ပြောဆိုနိုင်ရန် ကျောင်းတွင် တယ်လီဖုန်းများ တပ်ဆင်ထားရှိခြင်း
- မုန်တိုင်းဒီရေလှိုင်း၊ ရေကြီးခြင်းများ ဖြစ်ပွားသည့်အခါ ကျောင်း၏ ဒုတိယထပ်ကို အန္တရာယ်ကင်းသော ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်ခြင်း
- ကြိုတင်သတိပေးမှု ရရှိနိုင်ရန် ရေဒီယိုအသုံးပြုနိုင်ခြင်း
- ကျောင်းသား၊ကျောင်းသူအချို့အားရှေးဦးသူနာပြုသင်တန်း ပေးထားခြင်း
- ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အသုံးပြုနိုင်သော ကျောင်းပရဝုဏ် သို့မဟုတ် အနီးတဝိုက်ရှိ ကွင်းပြင်ကျယ်/လေဟာပြင်နေရာ
- သတိပေးရန် သို့မဟုတ် နှိုးဆော်ရာတွင် အသုံးပြုရန် ကျောင်းခေါင်းလောင်း

ကျောင်းသုံးခေါင်းလောင်း



- အနီးအနားရှိ ဘုရားစေတီကို ဘေးလွတ်ရန် ခိုလှုံရာအဖြစ် အသုံးပြုနိုင်ခြင်း
- ရေနစ်သူအားကယ်ဆယ်ရေးအတွက် အကူအညီပေးနိုင်မည့် ရေကူးကျွမ်းကျင်သည့် ကျောင်းသား၊ကျောင်းသူများ နှင့် ဆရာ၊ဆရာမများရှိခြင်း

- ကျောင်းတွင် ရှိပြီးဖြစ်သော စွမ်းဆောင်ရည်များ၊ ကျောင်းအနီးတဝိုက်ရှိ စွမ်းဆောင်ရည်များကို စာရင်းပြုစုထားခြင်း၊ ၎င်းတို့တွင် အနီးအနားရပ်ရွာရှိ လူများ၊ ကြိုးများ၊ အသက်ကယ်အင်္ကျီများ၊ အသက်ကယ်ဘောများ စသည်တို့ ပါဝင်နိုင်ပါသည်။



**အခန်း ၄ တွင် လေ့လာခဲ့သမျှ. . .**

- **ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၏ ဘေးအန္တရာယ်ဖြစ်စဉ် ဖော်ပြချက်**
- **ဘေးရန်ပြက္ခဒိန်**
- **ကျောင်း၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း**

# အခန်း ၅

## လုပ်ငန်းအဆင့် ၄ – ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်း

### ၅-၁ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါဝင်သော အကြောင်းအရာများ



ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်၏ ဦးတည်ချက်မှာ ကျောင်းများ၏ ဘေးအန္တရာယ် ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်ကိုပူးပေါင်း၍ အကဲဖြတ်ရန်နှင့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ဘေးလျော့ပါးစေရေးအစီအမံများကို ဖော်ထုတ်ရန် ဖြစ်ပါသည်။ ဘေးကင်းသောကျောင်းဖြစ်စေရေးအတွက် ဆက်နွယ်ပတ်သက်အကျိုးဝင်သူများအားလုံး တူညီသော သဘောထားရှိစေပြီး ကြိုးပမ်းဆောင်ရွက်မှုများ ရှုပ်ထွေးမှုမဖြစ်စေရန်၊ မထပ်စေရန် အထောက်အကူပြုပါသည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက အခြားသူများ၏ ပံ့ပိုးမှုဖြင့် ရေးဆွဲပါသည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ရိုးရှင်းပြီး အလွယ်တကူ နားလည်နိုင်အောင် ရေးဆွဲသင့်ပါသည်။ ကျောင်းများ၏ ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် အကဲဖြတ်ချက်အပေါ်အခြေပြု၍ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကိုရေးဆွဲရပါမည်။ အစီအစဉ်တွင် အောက်ပါအချက်အလက်များ ပါဝင်သင့်ပါသည်-

- ကျောင်းနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းတင်ပြခြင်း
- ကျောင်း၏ ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်အကဲဖြတ်ချက်
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့်အဖွဲ့များ၏အဖွဲ့ဝင်အမည်စာရင်းနှင့် ဆက်သွယ်နိုင်ရန် အချက်အလက်များ၊
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့်အဖွဲ့များ၏လုပ်ငန်းတာဝန်များ
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ၏ လေ့ကျင့်သင်တန်းအစီအစဉ်
- ဇာတ်တိုက်လေ့ကျင့်မှုများနှင့် အချိန်ကာလအလိုက်ပြောင်းလဲဖြစ်ပေါ်မှုများနှင့် လိုက်လျောညီထွေရှိစေရန် အစီအစဉ်ကို ပြင်ဆင်ဖြည့်စွက်ခြင်း
- ဘေးအန္တရာယ်အမျိုးမျိုးအတွက် ဆောင်ရန်/ရှောင်ရန်များ
- နယ်မြေခံအာဏာပိုင်များနှင့်ဆက်သွယ်နိုင်ရန် အချက်အလက်များ၊
- ကျောင်းနှင့် ကျောင်းဝန်းကျင်ရှိ ရပ်ကွက်/ကျေးရွာများ၏ မြေပုံများ

အထက်ဖော်ပြပါ အချက်အလက်များမှာ ဥပမာအဖြစ် ဖော်ပြခြင်းမျှသာဖြစ်ပြီး ကျောင်း၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အစီအစဉ် ပြောင်းလဲခြင်းများ ပြုလုပ်နိုင်ပါသည်။




## ၅-၂ ကျောင်းမြေပုံ

ကျောင်းမြေပုံသည် အစီအစဉ်၏ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး မြေပုံပေါ်တွင် ကျောင်း၏ အခြေအနေများကို အသေးစိတ်လေ့လာသုံးသပ်ထားရန် လိုအပ်ပါသည်။ ယင်းလုပ်ငန်းကို ကျောင်းရှိ ဆရာ၊ဆရာမများက ပြုလုပ်ဆောင်ရွက်နိုင်ပြီး နောက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဆောင်ရွက်နိုင်ပါသည်။ အောက်ဖော်ပြပါ အကြောင်းအရာများကို မြေပုံပေါ်တွင် ဖော်ပြထားနိုင်ပါသည် -

- အဆောက်အအုံများ၊ စာသင်ခန်းများ၊ ကျောင်းဝန်ထမ်းများ၏ အခန်းများ၊ လက်တွေ့စမ်းသပ်ခန်းများစသည့် ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်ထားမှုများ အားလုံး၊ အရေးပေါ်အခြေအနေတွင် အသုံးပြုမည့်ပစ္စည်းကိရိယာများ (ဆက်သွယ်ရေးစနစ်၊ မီးသတ်ဆေးဗူး၊ ရှေးဦးသူနာပြုနည်း ဆေးသေတ္တာများ စသည်) ထားသိုရန် သတ်မှတ်ထားသောနေရာများ၊
- အရေးပေါ်အခြေအနေတွင်အသုံးပြုရန် သတ်မှတ်ထားသော ဘေးကင်းရာ နေရာသို့ ရွှေ့ပြောင်းနိုင်သည့် အနှောင့်အယှက်ကင်းသောလမ်းကြောင်းများ၊
- ကျောင်းသား၊ကျောင်းသူများကို ရွှေ့ပြောင်းကယ်ထုတ်နိုင်ရန် သတ်မှတ်ထားသည့် ကျောင်းဝင်းအတွင်း (သို့မဟုတ်) ကျောင်းဝင်းပြင်ပရှိ ဘေးကင်းပြီး လုံခြုံစိတ်ချရသည့်နေရာ (စုရပ်)များ၊
- ထွက်ပေါက်ဘေးတွင်ရှိသောစားပွဲများတွင်ထိုင်နေသည့်ကျောင်းသား၊ကျောင်းသူများမှ စတင်ပြီး အတန်းလိုက် ဘေးကင်းရာသို့ ရွှေ့ပြောင်းသည့် လုပ်ငန်းစဉ်အား စာသင်ခန်း၏ ဘေးကင်းရာရွှေ့ပြောင်းရေးမြေပုံများတွင် လိုအပ်ပါက ထည့်သွင်း ပြသထားခြင်း




Map 1




Map 2

ဒုတိယမြေပုံတွင် ကျောင်းပတ်ဝန်းကျင် (သို့မဟုတ်) ကျောင်းနှင့် သက်ဆိုင်သည့် ရပ်ကွက်/ကျေးရွာ တို့ကို ထည့်သွင်းဖော်ပြသင့်ပါသည်။ ယင်းမြေပုံကို ရေးဆွဲရာတွင် မိဘများအပါအဝင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး ရေးဆွဲဆောင်ရွက်သင့်ပါသည်။ အဆိုပါမြေပုံတွင် အောက်ပါအကြောင်းအရာများကို ထည့်သွင်းရပါမည် -

- ပထဝီဆိုင်ရာထူးခြားသည့် လက္ခဏာများ (ရေအိုင်များ၊ မြစ်များ၊ မြင့်သော/နိမ့်သော မြေပြင်များ၊ တောင်ကုန်းများ၊ ပင်လယ်ကမ်းခြေများ စသည်)
- သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ (လမ်းများ၊ တံတားများ၊ လှေများ၊ မီးရထား အစရှိသည်ဖြင့်)၊ ဘေးကင်းရာသို့ရွှေ့ပြောင်းနိုင်သည့် လမ်းကြောင်းများနှင့် လုံခြုံစိတ်ချရသည့် နေရာများ (သို့မဟုတ်) အမိုးအကာပါရှိသည့် အဆောက်အအုံများ၊
- အရင်းအမြစ်များရရှိနိုင်သည့် အနီးဆုံးရှိ အဆောက်အအုံများ (အများသုံး စကားပြောကြေးနန်း၊ ရဲစခန်း၊ ဆေးရုံ/ ကျန်းမာရေးဌာန၊ ကြက်ခြေနီ၊ ဘုန်းကြီးကျောင်း/ ခရစ်ယာန်ဘုရားကျောင်း အစရှိသည်ဖြင့်)။



Map 3




Map 4

ကျောင်းမြေပုံကို ကျောင်းအတွင်း နေရာအတော်များများတွင် ကပ်ထားသင့်ပါသည်။ ယင်းသို့ ကပ်ထားခြင်းသည် မြေပုံကိုကြည့်ရှုသူမည်သူ့ကိုမဆို အနီးဆုံးထွက်ပေါက်နှင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းသည့်လမ်းကြောင်းများကို ပြသရန်အတွက် အထောက်အကူပြုစေမည် ဖြစ်ပါသည်။ လုံခြုံစွာဖြင့်ဘေးကင်းရာသို့ရွှေ့ပြောင်းနိုင်သည့်လမ်းကြောင်းများကိုမြှားများဖြင့် (အနီရောင်မြှား ဖြစ်လျှင်ပိုကောင်းပါသည်။) သိသာထင်ရှားစွာ အမှတ်အသားပြုထားသင့်ပါသည်။ ကျောင်းသို့ သွားရောက်နိုင်သည့် အခြားလမ်းကြောင်းများနှင့်အတူအနီးစပ်ဆုံးရှိနေသည့် အဓိကအဆောက်အအုံများကိုလည်း ထည့်သွင်းဖော်ပြထားသင့်ပါသည်။

ကျောင်းအတွင်းရှိ ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်သည့် လမ်းကြောင်းများနှင့် အရေးပေါ် ထွက်ပေါက်များကို အမှတ်အသားသင်္ကေတများ/ ဆိုင်းဘုတ်များဖြင့် ဖော်ပြထားနိုင်ပါသည်။

ရွှေ့ပြောင်းကယ်ဆယ်ရေးမြေပုံကိုစာသင်ခန်းအဝင်ဝတွင်ကပ်ထားပုံ





**အခန်း ၅ တွင် လေ့လာခဲ့သမျှ . . .**

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါဝင်သော အကြောင်းအရာများ
- ကျောင်းမြေပုံ

## အခန်း ၆

# လုပ်ငန်းအဆင့် (၅) – ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

## ၆-၁ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ

ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသည် ဘေးကင်းသောကျောင်း ဖြစ်စေရေးအတွက် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအပေါ် တာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ၎င်းကော်မတီသည် အာဏာပိုင်များ၊ အင်န်ဂျီအိုများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည်တို့ထံမှ သင့်တော်သောနည်းလမ်းဖြင့် အကူအညီများ ရယူနိုင်ပါသည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ အားလုံးသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရပါမည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဆောင်ရွက်ချက်များအလိုက် အဖွဲ့များကိုဖွဲ့စည်းရပါမည်။ အကြံပြုထားသောအဖွဲ့များကို အောက်တွင် ဖော်ပြထားပါသည်-

၁။ ကြိုတင်သတိပေးချက်ဖြန့်ဝေရေးအဖွဲ့
၂။ ဘေးကင်းရာသို့ရွှေ့ပြောင်းရေးအဖွဲ့
၃။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့
၄။ ရှေးဦးသူနာပြုစုရေးအဖွဲ့
၅။ ကျောင်းတည်နေရာလုံခြုံရေးအဖွဲ့
၆။ အသိပညာပေးရေးအဖွဲ့

အဓိကထည့်သွင်းစဉ်းစားရန်အချက်များ

- ကျောင်း၏စွမ်းဆောင်ရည်နှင့် သီးခြားလိုအပ်ချက်များကို မူတည်၍ အဖွဲ့၏ဖွဲ့စည်းမှု ပုံစံနှင့် အဖွဲ့ဝင်အရေအတွက်တို့ကို ပုံသေသတ်မှတ်ခြင်း ပြုလုပ်ရန် မလိုပါ။
- အဖွဲ့တွင် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများပါဝင်သင့်ပြီးဖြစ်နိုင်ပါက အဖွဲ့တစ်ဖွဲ့စီကိုဆရာ၊ဆရာမတစ်ဦးမှဦးဆောင်သင့်ပါသည်။
- အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး (၅)ဦးမှ (၇)ဦးထိ ပါဝင်သင့်ပါသည်။
- ဆရာ၊ဆရာမနှင့် ကျောင်းသား၊ကျောင်းသူအရေအတွက်နည်းပါက အချို့သော အဖွဲ့များကို ပူးပေါင်း၍ဖွဲ့နိုင်ပါသည်။

## ၆-၂ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုဖွဲ့စည်းပုံ

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များသည် ကျောင်းဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့်ဆောင်ရွက်ရပါမည်။ဖွဲ့စည်းပုံကိုအောက်တွင်ဖော်ပြထားပါသည်-




### ကော်မတီနှင့်အဖွဲ့များ၏အစည်းအဝေး

ကော်မတီနှင့်အဖွဲ့များအားလုံးပါဝင်သည့် အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး(၃)ကြိမ် အထိ ကျင်းပပြုလုပ်ခြင်းအားဖြင့် အသိပညာပေးရေး အစီအစဉ်များနှင့် ဇာတ်တိုက်လေ့ကျင့်မှု များအတွက်ကြိုတင်ပြင်ဆင်နိုင်ခြင်း၊ စီစဉ်ဆောင်ရွက်နိုင်ခြင်းအပြင် ကျောင်းဘေးအန္တရာယ်စီမံ

ခန့်ခွဲမှုအစီအစဉ်ကို အချိန်အခါနှင့်လိုက်လျောညီထွေရှိစေရန် ဖြည့်စွက်ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။ ရပ်ရွာလူထုနှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှုများကို နှစ်စဉ်ပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အထောက်အပံ့ပေးနိုင်သည့်ပုဂ္ဂိုလ်များနှင့် တစ်နှစ်လျှင် အနည်းဆုံး (၁)ကြိမ်အစည်းအဝေးကျင်းပရပါမည်။ ကျောင်းစာသင်နှစ်တစ်နှစ်၏အစတွင် ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု လုပ်ငန်းဆောင်တာများကို ကျောင်း၏ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ထဲတွင် ထည့်သွင်းရမည် ဖြစ်ပါသည်။



## ၆-၃ အဖွဲ့များ၏လုပ်ငန်းတာဝန်များ

အဖွဲ့တစ်ဖွဲ့စီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**၁။ ကြိုတင်သတိပေးချက်ဖြန့်ဝေရေးအဖွဲ့**

| အဆင့် | လုပ်ငန်းတာဝန်များ |
|---|---|
| ဘေးအန္တရာယ် မကျရောက်မီ  | - ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်ပြန်သော မိုးလေဝသသတင်း ကြည့်ရှုနားထောင်ခြင်း၊ သတင်းစာတွင် မိုးလေဝသသတင်းကို ဖတ်ရှုခြင်း၊<br>- ဘေးအန္တရာယ်ကျရောက်သည့်အခါ အသင့်ဖြစ်စေရန် ကျောင်းသူကျောင်းသားများအား ဘေးအန္တရာယ် သတိပေးပုံအမျိုးမျိုး နှင့် စပ်လျဉ်း၍ သိနားလည်စေခြင်း (ဘေးအန္တရာယ်ဖြစ်ခဲ့လျှင် ခေါင်းလောင်းကို မည်သို့တီးရမည် စသည်ဖြင့်)<br>- သတိပေးသည့်ပစ္စည်းကိရိယာများကို စစ်ဆေးခြင်း (ခေါင်းလောင်း၊ အသံချဲ့စက်စနစ် စသည်ဖြင့်)၊ ရိုးရှင်းသောပစ္စည်းများဖြစ်လျှင် ပိုမိုသင့်တော်ပါသည်။<br>- လိုအပ်သည့်အချိန်တွင် သတိပေးနိုင်ရန် အဖွဲ့ဝင် အနည်းဆုံး ၂ဦး အမြဲ အသင့်ရှိစေရန် ဖြစ်ပါသည်။<br>- ကြိုတင်သတိပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ကြော်ငြာသင်ပုန်းများတွင် ကပ်ထားနိုင်ပါသည်။<br>- နယ်မြေခံမိုးလေဝသနှင့် ဇလဗေဒဌာနကြားမှ ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဆေးရုံ စသည်တို့နှင့် ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များ ရယူထားခြင်း |
| ဘေးအန္တရာယ် ကျရောက်စဉ် | - ကြိုတင်သတ်မှတ်ထားသော နည်းလမ်းဖြင့် အချက်ပေးသံချောင်းခေါက်ခြင်း<br>- သတင်းအချက်အလက်ဖြန့်ဝေရန် ကျောင်းခေါင်းလောင်းတီးခြင်း |

| | |
|---|---|
|  | သို့မဟုတ် အသံချဲ့စက်စနစ် အသုံးပြုခြင်း<br>- ထွက်ပေါက်များ မဖွင့်ရသေးပါက ကျောင်းလုံခြုံရေးများအား အကြောင်းကြားခြင်း<br>- လိုအပ်ပါက လျှပ်စစ်မီး ပိတ်ထားခြင်း |
| ဘေးအန္တရာယ် ကျရောက်ပြီးနောက်<br> | - အကူအညီလိုအပ်နေသော ကျောင်းသား၊ကျောင်းသူများ ရှိ/မရှိ စစ်ဆေးခြင်း<br>- ထိခိုက်သော ကျောင်းသားကျောင်းသူများ၏ မိဘများကို အသိပေး အကြောင်းကြားရန်အတွက်ကျောင်းအုပ်ချုပ်ရေးအဖွဲ့ကို အကူအညီ ပေးခြင်း<br>- နောက်တစ်ကြိမ် ဘေးအန္တရာယ်ထပ်မံ ကျရောက်နိုင်ခြေ ရှိပါက လူတိုင်းကို နိုးနိုးကြားကြားနေရန်အကြောင်းကြားခြင်း |

ကျောင်းသားတစ်ဦး အချက်ပေးခေါင်းလောင်းတီးနေပုံ



| ၂။ ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးအဖွဲ့ | |
|---|---|
| **အဆင့်** | **လုပ်ငန်းတာဝန်များ** |
| ဘေးအန္တရာယ် မကျရောက်မီ | - ဘေးအန္တရာယ်ဖြစ်ကြောင်း အချက်ပြသတိပေးမှုကို ဂရုပြု သတိထားနေခြင်း<br>- ဘေးအန္တရာယ်ကင်းရာသို့ ရွှေ့ပြောင်းမည့်လမ်းကြောင်းများကို ရှင်းလင်းစွာ ဖော်ပြထားစေခြင်း |

| | |
|---|---|
|  | - ထွက်ပေါက်တံခါးများဖွင့်ထားစေခြင်း၊အပိတ်အဆို့အဟန့်အတားများ မရှိစေခြင်း<br>- စာသင်ခန်းတစ်ခုစီတွင်ရှိသော ကျောင်းသား၊ကျောင်းသူ အရေအတွက်ကို ရယူထားခြင်း<br>- ဘေးအန္တရာယ်ကျရောက်သောအချိန်တွင်ကျောင်းသား၊ကျောင်းသူများ ထိတ်လန့်ကြောက်ရွံ့မှု မဖြစ်စေရန် လုပ်ဆောင်ခြင်း<br>- ယင်းအခြေအနေများအတွက်အကောင်းဆုံးဖြစ်နိုင်သောနည်းလမ်းဖြင့်ဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြင်ဆင်ထားခြင်း<br>- အခြားအဖွဲ့များ၊ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဇာတ်တိုက်လေ့ကျင့်ထားခြင်း |
| ဘေးအန္တရာယ် ကျရောက်စဉ်<br> | - ဘေးကင်းရာသို့ရွှေ့ပြောင်းရသည့်အခါ ကျောင်းသား၊ကျောင်းသူများအား တစ်ယောက်ချင်း တန်းစီ၍ ထွက်စေခြင်း<br>- ဘေးကင်းရာသို့ရွှေ့ပြောင်းရသည့်အခါ ကျောင်းသား၊ကျောင်းသူများအားလုံး အတန်းပြင်ပသို့ထွက်လာခြင်း ရှိ/မရှိ စစ်ဆေးခြင်း<br>- ဘေးကင်းရာသို့ရွှေ့ပြောင်းရာတွင်မသန်စွမ်းသူများကို အကူအညီပေးမည့်ကျောင်းသားကျောင်းသူများအား သတ်မှတ်ပေးထားခြင်း<br>- ဘေးအန္တရာယ်ကျရောက်သည့်အခါကျောင်းသား၊ကျောင်းသူများ စည်းကမ်းသေဝပ်စေရန် ထိန်းသိမ်းပေးခြင်း<br>- လိုအပ်ပါက လျင်မြန်စွာ ဆောင်ရွက်ခြင်း<br>- ဘေးအန္တရာယ်အမျိုးအစားပေါ်မူတည်၍ကျောင်းသား၊ကျောင်းသူများအားအန္တရာယ်ပိုမိုနည်းပါးစေမည့် နေရာများတွင် နေစေခြင်း၊ ဥပမာ-အခန်းထောင့်၊ စားပွဲအောက်၊ လျှပ်စစ်ပလပ်ပေါက် များမှ ဝေးရာ စသည်၊ |
| ဘေးအန္တရာယ် ကျရောက်ပြီးနောက်<br> | - ဘေးကင်းရာသို့ ရွှေ့ပြောင်းရာတွင် အကူအညီလိုအပ်နေသေးသူများ ရှိ/မရှိ စစ်ဆေးခြင်း<br>- ရှာဖွေကယ်ဆယ်ရေးအဖွဲ့ အကူအညီကို လိုအပ်ပါက ရယူခြင်း<br>- ဘေးအန္တရာယ်ကင်းရှင်းကြောင်းအချက်ပေးမှုရရှိပါကကျောင်းသားကျောင်းသူများအား ပြန်လည်၍ ဝင်ခွင့်ပေးခြင်း |

ဘေးကင်းရာသို့ရွှေ့ပြောင်းရေးဇာတ်တိုက်လေ့ကျင့်နေပုံ



| ၃။ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ | |
|---|---|
| **အဆင့်** | **လုပ်ငန်းတာဝန်များ** |
| ဘေးအန္တရာယ် မကျရောက်မီ  | - အဖွဲ့ဝင်များအားအခြေခံရှာဖွေကယ်ဆယ်ရေး သင်တန်းပေးခြင်း<br>- ထွက်ပေါက်များ၊ လှေကားများ၊ တံခါးများ၊ ပြတင်းပေါက်များကို ရှင်းလင်းစွာမှတ်သားထားသည့်ကျောင်းမြေပုံအသေးစိတ် ရေးဆွဲထားခြင်း<br>- ကျောင်းချိန်အတွင်း ကျောင်းကြိုပို့ယာဉ် သို့မဟုတ် အခြားယာဉ် ရရှိနိုင်မှုရှိ/မရှိလေ့လာထားခြင်း<br>- ကျောင်းတွင် ဖြစ်နိုင်ပါက စာသင်ခန်းများအနီးတွင် သဲအိတ်များ ထားရှိပေးခြင်း<br>- မီးသတ်စနစ် ထားရှိပါက ကောင်း-မကောင်း စစ်ဆေးခြင်း<br>- စာသင်ခန်းတိုင်းတွင် အရေးပေါ် ပြတင်းပေါက်များ ရှိစေခြင်း<br>- မီးချိတ်၊ သဲအိတ်၊ ကြိုး စသည်တို့ ကျောင်းတွင် ထားရှိခြင်း<br>- မီးလောင်လျှင်သို့မဟုတ် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်လျှင် လေတိုက်ရာဘက်ကိုသိရှိနိုင်ရန် အလံ/ပိတ်စ လွှင့်တင်ထားခြင်း |

| | |
|---|---|
| ဘေးအန္တရာယ် ကျရောက်စဉ်  | - ငလျင်လှုပ်သည့် ကနဦးလက္ခဏာ ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် အကာအကွယ် နေရာယူ၍ နေစေခြင်း<br>- အဆောက်အအုံပြင်ပတွင် ရောက်ရှိနေပါက အဆောက်အအုံများ၊သစ်ပင်များ၊လျှပ်စစ်ဓာတ်တိုင်စသည်တို့မှ ဝေးရာတွင်နေခြင်း<br>- လိုအပ်ပါက မသန်စွမ်းသောကျောင်းသား၊ကျောင်းသူများကို အကူအညီပေးခြင်း<br>- ဘေးကင်းရာသို့ရွှေ့ပြောင်းရေးအဖွဲ့ကို အကူအညီပေးခြင်း |
| ဘေးအန္တရာယ် ကျရောက်ပြီးနောက်  | - အဆောက်အအုံအတွင်းရှိအခန်းတိုင်း/စာသင်ခန်းတိုင်းကိုစစ်ဆေးခြင်း<br>- ရှေးဦးသူနာပြုအဖွဲ့အား ဒဏ်ရာရရှိသူများရှိနေသည့် နေရာကို သတင်းပို့ခြင်း<br>- အခြားပြဿနာများကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ အစီရင်ခံခြင်း<br>- ထိခိုက်ပျက်စီးမှုများကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ အစီရင်ခံခြင်း |

ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည်“ရပ်ရွာအခြေပြု ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလက်စွဲစာအုပ်”ကို အသုံးပြုသင့်ပါသည်။



မီးသတ်ဆေးဘူးများ



မီးချိတ်၊ မီးကပ်




သဲပုံး၊ ရေပုံး

ကျောင်းရှိ အရေးပေါ်ပစ္စည်းကိရိယာများ

| ၄။ ရှေးဦးသူနာပြုစုရေးအဖွဲ့ | |
|---|---|
| **အဆင့်** | **လုပ်ငန်းတာဝန်များ** |
| ဘေးအန္တရာယ်<br>မကျရောက်မီ<br> | - ရှေးဦးသူနာပြုသေတ္တာကို အဆင်သင့် အလွယ်တကူရယူနိုင်သော နေရာတွင် စနစ်တကျ စာကပ်၍ ထားရှိခြင်း<br>- ရှေးဦးသူနာပြုသေတ္တာကို ပုံမှန် စစ်ဆေးခြင်း၊ ပါဝင်သင့်သည့် ပစ္စည်းများဖြည့်တင်းထားရှိခြင်း၊<br>- ရှေးဦးသူနာပြုစုနည်း၊ပတ်တီးစည်းနည်း၊ အရေးပေါ်အခြေအနေ တွင်ဆောင်ရွက်ရန်များနှင့်ပတ်သက်၍လေ့ကျင့်သင်တန်းပေးထား ခြင်း<br>- ခါတ်လိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မြွေကိုက် ခြင်း၊ အဆိပ်ငွေ့ရှူမိခြင်း၊ ငလျင်လှုပ်ခြင်းစသော အရေးပေါ် အခြေအနေတွင်ရှေးဦးသူနာပြုစုခြင်းနှင့်ပတ်သက်၍ကျောင်းသား၊ ကျောင်းသူများ သိမြင်နားလည်မှု ရှိစေရန်အတွက် ဆရာဝန်များ၊ ဆေးအကူဝန်ထမ်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မီးသတ် တပ်ဖွဲ့၊ အခြားအင်န်ဂျီအိုများ၏ အကူအညီကို ရယူခြင်း<br>- အရေးပေါ်အခြေအနေတွင် ထိခိုက်ခံရသူများအတွက် နှလုံးဖိနှိပ် နှိုးဆွခြင်းနှင့် အသက်ရှူအားကူပြုစုနည်း(CPR) ဆောင်ရွက်ပေး တတ်စေရန်လေ့ကျင့်သင်တန်းပေးထားခြင်း<br>- ကျောင်းသားကျောင်းသူများအား ကျန်းမာရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ ရောဂါအမျိုးမျိုးစသည့် အကြောင်းအရာများဆိုင်ရာ အသိပညာ ဖြန့်ဖြူးပေးခြင်း |
| ဘေးအန္တရာယ်<br>ကျရောက်စဉ်<br> | - ရရှိနိုင်သောအဖွဲ့ဝင်များ ချက်ချင်း စုဝေးစေခြင်း၊ ညွှန်ကြားချက် များမြန်ဆန်စွာပေးခြင်း<br>- ဒဏ်ရာရရှိသော ကျောင်းသားကျောင်းသူများကို ရှေးဦးသူနာပြုစု ပေးခြင်း<br>- ဒဏ်ရာရရှိသူများအား သောက်ရေ၊ ဂလူးကို့စ် စသည်တို့ကို လိုအပ်သလို ဖြည့်ဆည်းပေးခြင်း<br>- သွေးအလွန်အကျွံထွက်ပါက ပတ်တီးစည်းပြီး အခြားအဖွဲ့ဝင်များ၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့၏ အကူအညီဖြင့် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခြင်း<br>- မတတ်ကျွမ်းဘဲ ဆေးပေးခြင်းကို ရှောင်ကြဉ်ခြင်း |

| | |
|---|---|
| ဘေးအန္တရာယ် ကျရောက်ပြီးနောက်<br> | - ထိခိုက်သော ကျောင်းသားကျောင်းသူများကို ဆေးရုံသို့ ရွှေ့ပြောင်းရာတွင် ကူညီပေးခြင်း<br>- ဖြစ်နိုင်လျှင်လူမှုစိတ်ပိုင်းဆိုင်ရာပြုစုစောင့်ရှောက်မှုပေးခြင်း<br>- အရေးပေါ်အခြေအနေအမျိုးအစားနှင့် ပြင်းထန်မှုပေါ် မူတည်၍ နယ်မြေခံဆရာဝန် သို့မဟုတ် အခြားအာဏာပိုင်များ၏ အကူအညီကို ရယူခြင်း<br>- ထိခိုက်သော ကျောင်းသား၊ကျောင်းသူ၏ မိဘများအား အသိပေးအကြောင်းကြားရာတွင် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ ကို ကူညီခြင်း |

ရှေးဦးသူနာပြုစုရေးအဖွဲ့သည် အဖွဲ့ဝင်များအား သင်တန်းများနှင့် မွမ်းမံသင်တန်းများ တက်ရောက်နိုင်ရန်အတွက် ဆောင်ရွက်ပေးရပါမည်။ အဖွဲ့သည် “ရပ်ရွာအခြေပြု ရှေးဦးသူနာပြုစုနည်းလက်စွဲစာအုပ်” ကို ကိုးကားနိုင်ပါသည်။

| ၅။ ကျောင်းတည်နေရာလုံခြုံရေးအဖွဲ့ | |
|---|---|
| **အဆင့်** | **လုပ်ငန်းတာဝန်များ** |
| ဘေးအန္တရာယ် မကျရောက်မီ<br> | - ဘေးအန္တရာယ်အမျိုးအစားပေါ် မူတည်၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးအတွက် စုရပ်နေရာ သတ်မှတ်ထားခြင်း၊ ဥပမာ-မီးလောင်မှုဖြစ်ပါက လေဟာပြင်နေရာ၊ ရေလွှမ်းမိုးမှု သို့မဟုတ် ဆူနာမီ ရေလှိုင်းဖြစ်ပါကပထမထပ် စသည်ဖြင့် အခြေအနေပေါ် မူတည်၍ သတ်မှတ်ရန် ဖြစ်ပါသည်။<br>- အဆောက်အအုံများတွင် ထွက်ပေါက်များရှိပြီး အသုံးပြုနိုင်ရန် ဆောင်ရွက်ထားရှိခြင်း<br>- လှေကားနှင့် လူသွားလမ်းများတွင် အပိတ်အဆို့များ မရှိစေရန် ရှင်းလင်းထားခြင်း<br>- ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ဆရာမများ အားလုံး စုရပ် နေရာများကို သိရှိစေရန် ဆောင်ရွက်ခြင်း |
| ဘေးအန္တရာယ် ကျရောက်စဉ်<br> | - ကျောင်းသား၊ကျောင်းသူများအား စာသင်ခန်းတွင်းမှ ထွက်၍ ကြိုတင်သတ်မှတ်ထားသည့် စုရပ်တွင် စုဝေးရန်အတွက် ကြိုတင် စီစဉ်ထားသည့် လမ်းကြောင်းဖြင့် သွားရောက်နိုင်ရန် ဦးဆောင် လမ်းညွှန်ပေးခြင်း<br>- စာသင်ခန်းမှ ထွက်ခွာရာတွင် ဝရုန်းသုန်းကားပြေးခြင်း၊ စည်းမဲ့ |

| | |
|---|---|
| | ကမ်းမဲ့ သွားလာခြင်းများ မဖြစ်စေရန် စောင့်ရှောက်ခြင်း<br>- ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးအဖွဲ့ကို အကူအညီ ပေးခြင်း |
| ဘေးအန္တရာယ်<br>ကျရောက်ပြီးနောက်<br> | - အားလုံးရွှေ့ပြောင်းပြီးကြောင်း သေချာစေရန် စုရပ်တွင် လူအရေအတွက်စစ်ဆေးခြင်း<br>- ရှေးဦးသူနာပြုစုရေးအဖွဲ့နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ကို ကူညီခြင်း |

**စာသင်ခန်းတွင်းမှ ရွှေ့ပြောင်းပြီးနောက် ကျောင်းတည်နေရာလုံခြုံရေးအဖွဲ့မှ လူအရေအတွက် စစ်ဆေးနေစဉ်**



| ၆။ အသိပညာပေးရေးအဖွဲ့ | |
|---|---|
| **အဆင့်** | **လုပ်ငန်းတာဝန်များ** |
| ဘေးအန္တရာယ်<br>မကျရောက်မီ<br> | - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်ပင်ဆွေးနွေး၍ အသိပညာပေးရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခြင်း<br>- ဘေးအန္တရာယ် စီမံခန့်ခွဲမှု အကြောင်းအရာဖြင့် စကားရည်လုပွဲ၊ ပိုစတာပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိနှင့် အခြား အထွေထွေလှုပ်ရှားမှုများ စီစဉ်ကျင်းပခြင်း<br>- ဘေးအန္တရာယ်များနှင့်ပတ်သက်၍ဆောင်ရန်/ရှောင်ရန် များကို ကြော်ငြာသင်ပုန်းနှင့်အခြားသိသာမြင်သာသော နေရာများ တွင် ကပ်ထားခြင်း |

| | |
|---|---|
| | - သဘာဝပတ်ဝန်းကျင်အသင်း သို့မဟုတ် သိပ္ပံအသင်းတို့ကဲ့သို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအသင်း ဖွဲ့စည်းခြင်း<br>- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ အကူအညီဖြင့် မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြားအင်န်ဂျီအိုများအား ဖိတ်ခေါ်၍ ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေး ဟောပြောပွဲများ ကျင်းပခြင်း<br>- ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဆောင်းပါးများ၊ သတင်းစာဖြတ်ပိုင်းများကို ကြော်ငြာသင်ပုန်းတွင် ကပ်ထားခြင်း<br>- နှစ်စဉ် အောက်တိုဘာလ၏ ဒုတိယမြောက် ဗုဒ္ဓဟူးနေ့တွင် ကျရောက်သော“ နိုင်ငံတကာဘေးအန္တရာယ်လျှော့ချရေးနေ့”ကို ကျင်းပခြင်း |
| ဘေးအန္တရာယ်<br>ကျရောက်စဉ်<br> | - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အခြား ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ ကို ကူညီခြင်း |
| ဘေးအန္တရာယ်<br>ကျရောက်ပြီးနောက်<br> | - ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် အခြား ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များ ကို ကူညီခြင်း<br>- ယခင်ကဖြစ်ပွားခဲ့သောဘေးအန္တရာယ်များမှ သင်ခန်းစာရယူ၍ ကျောင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်တုန့်ပြန်မှုတိုးတက်ကောင်းမွန်ရေး အစီအမံများ ဖော်ထုတ်ခြင်း |

## ကော်မတီနှင့်အဖွဲ့များအား သင်တန်းပို့ချပေးခြင်း

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့များကို၎င်းတို့လုပ်ငန်းတာဝန်များဖြစ်သည့်ဘေးကင်းရာသို့ ရွှေ့ပြောင်းခြင်း၊ရှေးဦးသူနာပြုစုခြင်း၊လုံခြုံမှုပေးခြင်း၊ကြိုတင်သတိပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်း တို့အတွက် သင်တန်းများပို့ချပေးသင့်ပါသည်။ ၎င်းတို့အနေဖြင့် ရရှိထားသည့် ကျွမ်းကျင်မှုများကိုဆက်လက်ထိန်းသိမ်းသွားနိုင်စေရေးအတွက် လက်တွေ့လေ့ကျင့်ခန်းများကို ပြုလုပ်ရန် ပုံမှန်တွေ့ဆုံမှုများပြုလုပ်စေသင့်ပါသည်။ ထို့အပြင်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်

ကိုအစဉ်အမြဲရှင်သန်နေစေရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။

သင်တန်းတွင် သင်ကြားပို့ချမည့်အကြောင်းအရာများကို အစီအစဉ်တွင် ဆွေးနွေးထားရမည် ဖြစ်ပြီး လိုအပ်သည့်ပစ္စည်းများနှင့် လေ့ကျင့်သင်ကြားပေးမည့်ပုဂ္ဂိုလ်များစသော လိုအပ်သည့် စွမ်းအားစုများကိုသတ်မှတ်ထားရမည်ဖြစ်ပါသည်။ သင်တန်းပို့ချမှုပြုလုပ်နိုင်ရန် အထောက်အပံ့ ပေးနိုင်သည့်အဖွဲ့အစည်းများမှာမီးသတ်ဦးစီးဌာန၊ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီး ဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အခြားအင်န်ဂျီအိုများဖြစ်ပါသည်။



**အခန်း ၆ တွင် လေ့လာခဲ့သမျှ. . .**

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု အဖွဲ့များ
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှု ဖွဲ့စည်းပုံ
- အဖွဲ့များ၏လုပ်ငန်းတာဝန်များ

## အခန်း ၇

## လုပ်ငန်းအဆင့်(၆) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အများသိရှိစေရန် ဆောင်ရွက်ခြင်း

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ကို ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ နှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး သိရှိစေရန် အသိပေးဖြန့်ဖြူးရေးသည် အရေးကြီးပါသည်။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးအစီအစဉ်ကို ကျောင်း၏ စုံညီစည်းဝေးချိန်တွင် ဖတ်ပြနိုင်ပါသည်။ စာသင်ခန်းတစ်ခုစီတွင်လည်း ဖတ်ပြ၍ ဆွေးနွေးနိုင်ပါသည်။ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို ကျောင်း၏ ကြော်ငြာသင်ပုန်းတွင်လည်း ကပ်ထားသင့်ပါသည်။ နယ်မြေဒေသအခြေအနေပေါ်မူတည်၍ အခြားနည်းလမ်းများဖြင့်လည်း ဖြန့်ဖြူးနိုင်ပါသည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်နှင့် အကျွမ်းတဝင်ရှိစေရေးအတွက် စာသင်နှစ်တစ်နှစ်စတင်တိုင်း အနည်းဆုံးတစ်ကြိမ် ဆောင်ရွက်သင့်ပါသည်။ ဤနည်းဖြင့် ကျောင်းသား၊ ကျောင်းသူသစ်များသည် ဘေးကင်းရာသို့ရွှေ့ပြောင်းသည့် လုပ်ထုံးလုပ်နည်းနှင့် အစီအစဉ်ပါ အခြားအကြောင်းအရာများကို သိရှိစေပါမည်။





အခန်း ၇ တွင်
လေ့လာခဲ့သမျှ. . .

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ဖြန့်ဝေခြင်း၏အရေးပါပုံ
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ဖြန့်ဝေခြင်းနည်းလမ်းများ

## အခန်း ၈

## လုပ်ငန်းအဆင့်(၇) ဇာတ်တိုက်လေ့ကျင့်ခြင်း

ကျောင်း၏စာသင်ကာလတစ်ခုလျှင် ဇာတ်တိုက်လေ့ကျင့်ခြင်း အနည်းဆုံး(၁)ကြိမ်ပြုလုပ်ပါက အလွန်ပင်အသုံးဝင်စေနိုင်ပါသည်။ ဇာတ်တိုက်လေ့ကျင့်ခြင်း(၁)ကြိမ် ကို ကြိုတင်အသိပေးပြီးမှ ပြုလုပ်ပြီး ကျန်(၁)ကြိမ်အား မျှော်လင့်မထားသောအချိန်တွင် ကြိုတင်အသိမပေးပဲပြုလုပ်ရမည် ဖြစ်ပါသည်။ ဇာတ်တိုက်လေ့ကျင့်မှု(၁)ကြိမ်ပြုလုပ်ပြီးတိုင်း အဆိုပါလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ထင်မြင်သုံးသပ်ချက်များကိုရရှိစေရန်အကဲဖြတ်လေ့လာဆန်းစစ်မှုကို ပြုလုပ်ရမည် ဖြစ်ပါသည်။ ဇာတ်တိုက်လေ့ကျင့်မှုအပြီးရရှိသည့်ထင်မြင်သုံးသပ်ချက်များကို ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အား ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရာတွင် အသုံးပြုသင့်ပါသည်။

ဒဏ်ရာရကျောင်းသားအား ရွှေ့ပြောင်းသယ်ယူခြင်း ဇာတ်တိုက်လေ့ကျင့်နေပုံ



ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရန်အတွက်ကြိုတင်ပြင်ဆင်မှုများတွင်အောက်ပါတို့ပါဝင်ပါသည်-

- ဘေးကင်းရာသို့ ထွက်ခွာနိုင်သည့် ထွက်ပေါက်လမ်းကြောင်းများအား ထည့်သွင်းဖော်ပြထားသော ကျောင်းစာသင်ခန်းများ၊ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်နေရာများပါဝင်သည့်မြေပုံများ၊ပုံများသို့မဟုတ်တည်နေရာပြပုံတို့ကိုပြသထားရမည်။ ကျောင်း၏ ရွှေ့ပြောင်းကယ်ဆယ်ရေးမြေပုံအားကျောင်းစာသင်ခန်းတစ်ခန်းစီတွင်ကပ်ထားရမည့်အပြင် အလွယ်တကူမြင်သာသော အများသွားလာအသုံးပြုသည့်နေရာများတွင် ပြသထားရမည် ဖြစ်ပါသည်။
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့်အဖွဲ့များသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အား သေချာစွာ လေ့လာထားရန် လိုအပ်ပြီး ယင်းအစီအစဉ်၏ အကြောင်းအရာ အားလုံးကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။
- ကြိုတင်သတိပေးချက်ဖြန့်ဝေရေးအဖွဲ့သည်အချက်ပေးမည့်နည်းလမ်းကိုဆုံးဖြတ်ထားရမည်ဖြစ်ပြီး ကျန်ရှိသူများ အားလုံးကိုလည်း အချက်ပေးမည့် သင်္ကေတပုံစံများ (ခေါင်းလောင်း၊ အသံချဲ့စက်စသည်) ကို အသိပေးထားရမည် ဖြစ်ပါသည်။
- ဘေးကင်းရာသို့ ရွှေ့ပြောင်းရေးအဖွဲ့သည် ဘေးအန္တရာယ်အခြေအနေများ အပေါ်မူတည်၍စုရပ်နှင့်ဘေးကင်းရာသို့ ထွက်ခွာနိုင်သည့် ထွက်ပေါက်လမ်းကြောင်းများကို သတ်မှတ်ပေးရမည် ဖြစ်ပါသည်။ ဥပမာ-အကယ်၍ကျောင်းအတွင်းမီးလောင်ပါက ကျောင်း ပြင်ပသည် ဘေးကင်းလုံခြုံမှု ရှိပါသည်။
- အချက်ပေးခေါင်းလောင်းသံကိုကြားရသည်နှင့်တစ်ပြိုင်နက် ကျောင်းဝန်ထမ်းများအားလုံးနှင့် ကျောင်းသား၊ကျောင်းသူများအားလုံးသည် ၎င်းတို့ဆောင်ရွက်ရမည့်အရာများကို သိရှိထားရမည်ဖြစ်ပါသည်။
- မိဘများကိုလည်းဘေးကင်းရာသို့ရွှေ့ပြောင်းသည့်လုပ်ငန်းစဉ်အားဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုမရှိစေရအောင်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကိုအသိပေးထားရမည်ဖြစ်ပါသည်။
- မြန်မာနိုင်ငံရဲတပ်ဖွဲ့၊နယ်မြေခံအုပ်ချုပ်ရေးဌာန၊အရန်မီးသတ်တပ်ဖွဲ့စသည့်ပြင်ပအဖွဲ့အစည်းများအား ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်သည့်အခါများတွင် အကြောင်းကြားရမည်ဖြစ်ပြီး ၎င်းပုဂ္ဂိုလ်တို့အား ဇာတ်တိုက်လေ့ကျင့်မှုများတွင် တက်ရောက်ပေးရန် ဖိတ်ကြားရမည် ဖြစ်ပါသည်။

## အဓိကထည့်သွင်းစဉ်းစားရန်အချက်များ

- အတန်းရှိကျောင်းသား၊ကျောင်းသူစုစုပေါင်းကိုရေတွက်ပြီးနောက်ကျောင်းသား၊ ကျောင်းသူများအားလုံးအခန်းထဲမှထွက်ခွာမှုရှိစေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။
- ကျောင်းစာသင်ခန်းထဲတွင် ကျောင်းသား၊ကျောင်းသူများအားလုံးသည် ရှေ့နောက် တန်းစီပြီး ပြင်ပရှိစုရပ်(သို့မဟုတ်) ဘေးကင်းသည့်နေရာများတွင် စုဝေးစေရမည် ဖြစ်ပါသည်။မည်သူမျှပြေးလွှားခြင်း၊နောက်ပြန်လှည့်ခြင်း၊အော်ဟစ်ခြင်းမျိုးမရှိစေရပါ။ အလွန်အမင်းထိတ်လန့်ခြင်းနှင့် အစုလိုက်အပြုံလိုက် ကမူးရှူးထိုးပြေးခြင်းများ မဖြစ်အောင် တားဆီးထိန်းသိမ်းရန် အရေးကြီးပါသည်။
- အကယ်၍ ဒဏ်ရာရပြီး ၎င်းတို့ကိုယ်တိုင်ထွက်ခွာမှုမပြုလုပ်နိုင်သည့် ကျောင်းသား၊ ကျောင်းသူများရှိပါကဆရာ၊ဆရာမများအနေဖြင့်အခြားသူများထံမှအကူအညီတောင်းခံပြီး စာသင်ခန်းပြင်ပသို့ခေါ်ဆောင်သွားစေရမည် ဖြစ်ပါသည်။
- အတန်းပိုင်ဆရာ၊ဆရာမသည် စာသင်ခန်းထဲမှ နောက်ဆုံးထွက်ခွာရမည့်သူဖြစ်ပြီး ကျောင်းသား၊ကျောင်းသူများနှင့်အတူ လမ်းလျှောက်ထွက်ခွာရမည် ဖြစ်ပါသည်။
- ဘေးကင်းရာသို့ ရောက်ရှိသည့်အခါတွင် လူဦးရေကိုရေတွက်ရမည် ဖြစ်ပါသည်။ အကယ်၍ တစ်စုံတစ်ဦးပျောက်ဆုံးနေပါက အဆိုပါသတင်းအား ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့တို့ထံ အကြောင်းကြားရမည် ဖြစ်ပါသည်။
- ကျောင်းနှင့် ကျောင်းဝင်းမှ နောက်ဆုံးထွက်ခွာရမည့် ပုဂ္ဂိုလ်မှာ ကျောင်းအုပ်ကြီးနှင့် အကြီးပိုင်းဝန်ထမ်းများ ဖြစ်ပါသည်။ ၎င်းတို့ မထွက်ခွာမီတွင်အဖိုးတန်ပစ္စည်းများကို သော့ခတ်ရမည် ဖြစ်ပါသည်။
- အကယ်၍ကျောင်းဝင်းပြင်ပသို့ရွှေ့ပြောင်းရန်လိုအပ်ပါကကျောင်းသား၊ကျောင်းသူများ လမ်းကူးသည့်အခါတွင် (အထူးသဖြင့်လမ်းဆုံများတွင်) ဘေးကင်းစွာ ကူးဖြတ်နိုင်ရေး အတွက် ယာဉ်ထိန်းရဲများ၏ အကူအညီကို တောင်းခံရမည် ဖြစ်ပါသည်။
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အားလိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင်ရေးအတွက်ပါဝင်သူများအားလုံးထံမှထင်မြင်သုံးသပ်ချက်များကိုရယူရမည် ဖြစ်ပါသည်။

အရေးပေါ်အခြေအနေများအတွက် အောက်ဖော်ပြပါ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်း အဆင့် များကိုဇာတ်တိုက်လေ့ကျင့်မှုများအတွင်း ပါဝင်စေသင့်ပါသည် -

(၁) ကြိုတင်သတိပေးချက်ဖြန့်ဝေရေးအဖွဲ့သည် အရေးပေါ်အခြေအနေ ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း ကျောင်းသား၊ကျောင်းသူများနှင့် ဝန်ထမ်းများအားလုံးကို အကြောင်း ကြားရမည် ဖြစ်ပါသည်။

(၂) အရေးပေါ်အခြေအနေအားထိန်းချုပ်နိုင်ရေးအတွက် ကနဦးဆောင်ရွက်ချက်များ ပြုလုပ်ရမည်ဖြစ်ပါသည်။ ဥပမာ-ရရှိနိုင်သည့် စွမ်းအားစုများဖြင့် မီးငြိမ်းသတ် ရမည် ဖြစ်ပါသည်။

(၃) တစ်ချိန်တည်းမှာပင်အဆိုပါသတိပေးချက်ရရှိပြီးသည်နှင့်တစ်ပြိုင်နက်ရွှေ့ပြောင်း ရေးအဖွဲ့မှဦးဆောင်၍ဘေးကင်းရာသို့ခေါ်ဆောင်သွားရမည် ဖြစ်ပါသည်။

(၄) အကယ်၍ လေ့ကျင့်ထားသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ရှိပါက ၎င်းအဖွဲ့က လူဦးရေကို ရေတွက်ရမည်ဖြစ်ပြီး ပျောက်ဆုံးနေသူများအား ရှာဖွေပေးရမည် ဖြစ်ပါသည်။

(၅) ရှေးဦးသူနာပြုစုရေးအဖွဲ့အနေဖြင့် ကြိုတင်သတ်မှတ်ထားသည့် ရှေးဦးသူနာပြုစု သည့်နေရာတွင် ဒဏ်ရာရရှိသူများအား ချက်ချင်း ပြုစုစောင့်ရှောက်မှုပေးရမည် ဖြစ်ပါသည်။

(၆) လိုအပ်ပါက ရှေးဦးသူနာပြုစုပြီးနောက် အဆိုပါဒဏ်ရာရရှိသည့် လူနာများအား နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးရမည် ဖြစ်ပါသည်။

(၇) မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အား ချက်ချင်းအကြောင်းကြားရမည် ဖြစ်ပါသည်။

(၈) အဆိုပါအခြေအနေအား အဖွဲ့ဝင်အားလုံးမှ တည်ငြိမ်စွာ ကိုင်တွယ်ဆောင်ရွက်မှု ပြုလုပ်ရန်လိုအပ်ပါသည်။ ကျောင်းသား၊ကျောင်းသူများအနေဖြင့်လည်း စိတ် တည်ငြိမ်မှုရှိရမည်ဖြစ်ပြီး ဆရာ၊ဆရာမများမှထိန်းသိမ်းကွပ်ကဲရမည်ဖြစ်ပါသည်။

(၉) ကျောင်းတည်နေရာလုံခြုံရေးအဖွဲ့အနေဖြင့်ဘေးအန္တရာယ် ကျရောက်သည့်နေရာ သို့ မည်သူမျှ ဝင်ရောက်ခြင်း မရှိအောင် တားဆီးပေးရမည်ဖြစ်ပါသည်။


(၁၀) ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်းများကိုကျောင်းနှင့်ပတ်သက်နေသူများပူးပေါင်း ပါဝင်လျက် ဆွေးနွေးရမည် ဖြစ်ပါသည်။

ဘေးကင်းရာသို့ရွှေ့ပြောင်းခြင်းကိုဇာတ်တိုက်လေ့ကျင့်နေပုံ




## ဘေးကင်းရာသို့ရွှေ့ပြောင်းရေးလုပ်ငန်းအဆင့်များ

စာသင်ခန်းသည် ပုံမှန်အခြေအနေတွင်ရှိနေသည်။ T သည် ဆရာ၊ဆရာမကိုရည်ညွှန်းပြီး S သည် ကျောင်းသား၊ကျောင်းသူကို ရည်ညွှန်းပါသည်။



အဆင့် (၁)

အချက်ပေးခေါင်းလောင်းသံကြားလျှင် ဆရာ၊ဆရာမ သို့မဟုတ် အတန်းခေါင်းဆောင်သည် အတန်းတံခါးပေါက်ဝ အနီးသို့ သွားရမည်။





အဆင့် (၂)

၁။ ကျောင်းသား၊ကျောင်းသူများကို ဦးစွာ ရွှေ့ပြောင်းရပါမည်။


၂။ ထွက်ပေါက်နှင့် နီးသောအတန်းရှိကျောင်းသားများကို ပထမဆုံး ထွက်ခွာစေရမည်။

၃။ အတန်း၏တံခါးပေါက်နှင့် အနီးဆုံး ခုံတန်းမှ ပထမဆုံး ထွက်ခွာစေရမည်။ ကျောင်းသားအမှတ်စဉ် ၁၉၊ ၂၀နှင့် ၂၁ တို့အား ဦးစွာ ထွက်ခွာစေပြီး ကျောင်းသားအမှတ်စဉ် ၂၂ မှ ၂၇ အထိ အစဉ်အတိုင်း နောက်မှလိုက်၍ ကြိုတင်သတ်မှတ်ထားသောစုရပ်တွင် စုဝေးကြရန် ဖြစ်ပါသည်။ နောက်ဆုံးကျောင်းသား အမှတ်စဉ် ၂၇ ကို ထွက်ခွာစေပြီးနောက် အတန်းမှနောက်ဆုံး ထွက်ခွာသူသည် ဆရာမ အမှတ်စဉ် ၃ (T3) ဖြစ်ပါသည်။




အဆင့် (၃)

နောက်အတန်းဖြစ်သော စတုတ္ထတန်းကို တတိယတန်းပြီးနောက် ဆက်လက်ရွှေ့ပြောင်းရပါမည်။ ထွက်ခွာပုံမှာ တတိယတန်းထွက်ခွာပုံနည်းစနစ်အတိုင်း ဖြစ်ပါသည်။ (အဆင့်(၂) တွင်ကြည့်ပါ)




အဆင့် (၄)

စတုတ္ထတန်းထွက်ခွာပြီးနောက် ပဉ္စမတန်းသည် စုရပ်သို့ ထွက်ခွာရပါမည်။
ထွက်ခွာပုံနည်းစနစ်သည် တတိယတန်းနှင့် စတုတ္ထတန်းထွက်ခွာပုံ နည်းစနစ်အတိုင်းဖြစ်ပါသည်။ (အဆင့်(၂)နှင့် (၃)တွင် ကြည့်ပါ)




အဆင့် (၅)

ကျောင်းသား၊ကျောင်းသူများအားလုံးရွှေ့ပြောင်းပြီးဖြစ်ကြောင်း စိတ်ချရစေရန် လူအရေအတွက်ကို စစ်ဆေးသင့်ပါသည်။



အခန်း ၈ တွင် လေ့လာခဲ့သမျှ . . .

- ဇာတ်တိုက်လေ့ကျင့်ခြင်း
- ဇာတ်တိုက်လေ့ကျင့်ရာတွင်ထည့်သွင်းစဉ်းစားရန်အချက်များ
- ဘေးကင်းရာသို့ပြောင်းရွှေ့ရေးလုပ်ငန်းအဆင့်များ

# အခန်း ၉

## လုပ်ငန်းအဆင့်(ဂ) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အကဲဖြတ် သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အား အချိန်ကာလအလိုက်ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်လိုက်လျောညီထွေမှုရှိစေရန်အကဲဖြတ်သုံးသပ်ခြင်းနှင့်ဖြည့်စွက်ပြင်ဆင်ခြင်းများ ဆောင်ရွက်သင့်ပါသည်။ထိရောက်အသုံးဝင်သောအစီအစဉ်တစ်ရပ်ဖြစ်နေစေရန် အစီအစဉ်အပေါ်လေ့လာဆန်းစစ်ခြင်းနှင့် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ခြင်း ပြုလုပ်နိုင်ရေးအတွက် နှစ်တစ်နှစ်တွင် အချိန်ကာလတစ်ခု(ဥပမာ-ဇွန်လသို့မဟုတ်ဇူလိုင်လ)သတ်မှတ်ထားသင့်ပါသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ပြီးနောက် ဇာတ်တိုက်လေ့ကျင့်မှုများ၊ ဆွေးနွေးပွဲများ၊ ကြော်ငြာသင်ပုန်းတွင် ပြသထားခြင်းတို့ဖြင့် ကျောင်းနှင့်ပတ်သက်နေသူများ သိရှိစေရန် ဆောင်ရွက်ရမည်ဖြစ် ပါသည်။

ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကိုဖြည့်စွက်ပြင်ဆင်ခြင်းလုပ်ငန်းသည် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်တစ်ရပ် ဖြစ်ပါသည်။

အောက်ဖော်ပြပါမေးခွန်းများသည်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်၏အရည်အသွေးအပေါ်ဆန်းစစ်ရန် အထောက်အကူပြုပါလိမ့်မည် -

(၁) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအား ဖွဲ့စည်းထားခြင်းရှိ/မရှိ၊ အဖွဲ့ဝင်များကဲ့သို့ပင် အကူအညီပေးနိုင်သည့် ကျောင်းသား၊ကျောင်းသူများနှင့် မိဘများအား ထည့်သွင်း စဉ်းစားခြင်းရှိ/မရှိ၊

(၂) အဖွဲ့ဝင်များအား အသိပေးထားခြင်း ရှိ/မရှိ၊ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြီးခြင်း ရှိ/မရှိ၊

(၃) ကျောင်းအနေဖြင့် အဖွဲ့ဝင်များနှင့် အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂိုလ်များ၏ အမည်၊ လိပ်စာ၊ တယ်လီဖုန်း နံပါတ်များ ပါဝင်သည့် စာရင်းကို ပြုစုထားခြင်း ရှိ/မရှိ၊

(၄) ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့်အဖွဲ့များ၏အဖွဲ့ဝင်များအတွက် သင်တန်းပို့ချပေးခြင်း ရှိ/မရှိ၊

(၅) ကျောင်းအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာနနှင့် ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ဆက်သွယ်ရေးနှင့် အဆိုပါအဖွဲ့များအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုကို ထည့်သွင်းစဉ်းစားခြင်း ရှိ/မရှိ၊

(၆) ကျောင်းအနေဖြင့်ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် စာရွက်စာတမ်းများ ပြုစုခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ပြန်လည်သုံးသပ်နိုင်စေရန် သတ်မှတ်ပြဌာန်းချက်များ ရှိ/မရှိ၊

(၇) ပုံမှန်အစည်းအဝေးများ၊ဇာတ်တိုက်လေ့ကျင့်မှုများ၊အခြားအသိပညာပေးရေးနှင့် သင်တန်းပို့ချမှု လုပ်ငန်းစဉ်များအား စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ



**အခန်း ၉ တွင် လေ့လာခဲ့သမျှ. . .**

- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကိုအကဲဖြတ်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း
- ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်အပေါ် ဆန်းစစ်ရန်အချက်များ

# နောက်ဆက်တွဲ ၁

## ဘေးအန္တရာယ်များနှင့်ပတ်သက်၍ဆောင်ရန်/ရှောင်ရန်များ

### မီးလောင်ခြင်း

#### ကြိုတင်ပြင်ဆင်ခြင်း

- မီးဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများကိုဖော်ထုတ်၍ဘေးအန္တရာယ် ဖြစ်နိုင်ခြေ နည်းပါးနိုင်သမျှ နည်းပါးစေရန် ကြိုးပမ်းပါ။
- ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် မြေပုံကို ရေးဆွဲပြီး သင့်တော်သော နေရာများတွင် ပြသထားပါ။
- ကျောင်းတွင် မီးလောင်သည်ကိုတွေ့လျှင် မည်သို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကျောင်းသား၊ကျောင်းသူများကို သင်ကြားပြသပါ။
- အရေးပေါ်အခြေအနေတွင် အသုံးပြုရန် သဲပုံးများကို ကျောင်းတွင် ထားရှိပါ။
- ဘေးကင်းသော ကွင်းပြင်ကျယ်နေရာများနှင့် ကျောင်းမှဘေးကင်းရာသို့ ရွှေ့ပြောင်းရန် လမ်းကြောင်းများကို သတ်မှတ်ထားပါ။
- မီးလောင်မှုဖြစ်ပွားစဉ် အရေးပေါ်အခြေအနေတွင် ဘေးကင်းရာသို့ စနစ်တကျ ရွှေ့ပြောင်းနိုင်ရန် ပုံမှန် ဇာတ်တိုက်လေ့ကျင့်ထားပါ။
- သတိပေးအချက်ပြခြင်းအတွက်ကြိုတင်ပြင်ဆင်ထားပါ။ (ဥပမာ - ခေါင်းလောင်းကို တစ်မိနစ်မျှ အဆက်မပြတ်တီးခြင်း)
- အရေးပေါ်အခြေအနေတွင် အဆက်အသွယ်ပြုလုပ်ရန် လိုအပ်မည့် ဆက်သွယ်ရန် အချက်အလက်များထားရှိပါ။ (ဥပမာ မီးသတ်စခန်း၊ ဆေးရုံ)
- ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများအား မီးသတ်ဆေးဗူးများ (ထားရှိပါက) အသုံးပြုနည်းကိုလေ့ကျင့်ပေးပါ။

#### ဘေးကင်းစေရေး အကြံပြုချက်များ

- အခြားသူများကို သတိပေးရန် အချက်ပေးအကြောင်းကြားပါ။
- မီးလောင်မှုအနည်းအကျဉ်းသာဖြစ်ပါက ငြိမ်းသတ်ရန် ကြိုးစားပါ။ ကြီးမားသော မီးလောင်မှုဖြစ်ပါက အနီးသို့ မသွားရောက်ပါနှင့်။
- ကျောင်းသား၊ကျောင်းသူများကို အရေးပေါ်အစီအစဉ်အတိုင်း ဘေးကင်းရာသို့ ရွှေ့ပြောင်းပါ။

- တစ်ယောက်ချင်းစီတန်း၍ လှေကားကို အသုံးပြုလျက် အဆောက်အအုံအတွင်းမှ ထွက်ခွာပါ။
- တည်ငြိမ်စွာဆောင်ရွက်ပါ။ ပြေးလွှားခြင်း၊ တွန်းခြင်းများကို ရှောင်ကြဉ်ပါ။ မသန်စွမ်းသော ကျောင်းသား၊ကျောင်းသူများကို အကူအညီပေးပါ။
- ဘေးကင်းရာတွင် အတန်းကို စုဝေးစေပြီး လူအရေအတွက် စစ်ဆေးပါ။
- ပျောက်ဆုံးနေသော ကျောင်းသား၊ကျောင်းသူများ သို့မဟုတ် ဆရာ၊ဆရာမများ ရှိလျှင် ရှာဖွေရန် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ပါ။
- ဒဏ်ရာရရှိသူများအား ရှေးဦးသူနာပြုစုပေးပါ။
- မီးသတ်စခန်းသို့အရေးပေါ်တယ်လီဖုန်းနံပါတ်ဖြင့်ဆက်သွယ်၍ ကျောင်းတည်နေရာနှင့် ဖြစ်စဉ်ကိုပြောပြပါ။ မီးသတ်မှပြောကြားသည်ကို နားထောင်၍ လုပ်ဆောင်ရန် အရေးကြီးပါသည်။

## မိုးကြိုးပစ်ခြင်းနှင့် မိုးသက်မုန်တိုင်း

### ကြိုတင်ပြင်ဆင်ခြင်း

ကျောင်းသည် မိုးသက်မုန်တိုင်းကျရောက်တတ်ပြီး မိုးကြိုးပစ်တတ်သော နေရာတွင် တည်ရှိပါက မိုးကြိုးလွှဲ တပ်ဆင်ထားရှိပါ။

လျှပ်စီးလက်၊ မိုးကြိုးပစ်ချိန်တွင် မည်သို့ ပြုမူနေထိုင်ရမည်ကို ကျောင်းသားကျောင်းသူများအား ညွှန်ကြားထားပါ။

### အရေးပေါ်အခြေအနေ

မိုးသက်မုန်တိုင်းကျရောက်နေချိန်တွင် အဆောက်အအုံပြင်ပတွင်ရှိနေပါက အန္တရာယ်ရှိပါသည်။ ထို့ကြောင့် အဆောက်အအုံအတွင်း သို့မဟုတ် အမိုးအကာရှိသော မော်တော်ယာဉ်အတွင်းတွင် နေပါ။

- ကျောင်းဝင်းအတွင်း ရောက်ရှိနေလျှင် စာသင်ခန်းအတွင်း အမြန်ဆုံး ဝင်ရောက်ပါ။
- သစ်ပင်မြင့်များ၊ကုန်းမြေမြင့်နေရာများတွင် မခိုလှုံပါနှင့်။

### ဘေးကင်းစေရေး အကြံပြုချက်များ

- သတ္တုနှင့် လျှပ်စစ်ပစ္စည်းများကို မထိမကိုင်ပါနှင့်။
- မော်တော်ဆိုင်ကယ်၊စက်ဘီး၊လယ်ထွန်စက်များကဲ့သို့ အမိုးအကာမပါရှိသောယာဉ်များဖြင့် သွားလာခြင်းကို ရှောင်ကြဉ်ပါ။
- မိုးကြိုးပစ်တော့မည်ဆိုပါက ဆောင့်ကြောင့်ထိုင်၍ ဒူးကို လက်နှစ်ဖက်ဖြင့် ပိုက်ပြီး ခေါင်းငုံ့နေပါ။

## ဆိုင်ကလုန်းမုန်တိုင်းများနှင့် ရေကြီးခြင်း

### ကြိုတင်ပြင်ဆင်ခြင်း

မုန်တိုင်းဒီရေလှိုင်း သို့မဟုတ် ရေကြီးခြင်း ဖြစ်တတ်သော နေရာဒေသဖြစ်ပါက ကျေးရွာ/ကျေးရွာအုပ်စု ဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် နယ်မြေခံ အာဏာပိုင် များနှင့် ဆက်သွယ်ပါ။ အရေးပေါ်အခြေအနေဖြစ်ပွားလာပါက ဘေးကင်းရာရွှေ့ပြောင်းနိုင်ရန် လုံခြုံသောနေရာတစ်ခု သတ်မှတ်ရပါမည်။

ကျောင်းရှိ အရေးကြီးစာရွက်စာတမ်းများကို ပလပ်စတစ် သို့မဟုတ် ရေလုံအိတ်များအတွင်း ထည့်ပြီး လုံခြုံသောနေရာတွင် ထားပါ။

### ကြိုတင်သတိပေးခြင်း

ဆိုင်ကလုန်းမုန်တိုင်းနှင့် ရေကြီးခြင်းအတွက် ၄၈နာရီ သို့မဟုတ် ၂၄နာရီ ကြိုတင်၍ သတိပေးချက် ထုတ်ပြန်လေ့ရှိပါသည်။ ရေဒီယို နားထောင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ခြင်းဖြင့် အစိုးရအဖွဲ့အစည်းများက ထုတ်ပြန်သော ဆိုင်ကလုန်းမုန်တိုင်းနှင့် ရေကြီးခြင်း သတင်းအချက်အလက်များကို ရယူပါ။ ယုံကြည်စိတ်ချရသော အရင်းအမြစ်မှ တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။ တရားဝင် သတိပေးချက်များကို နားထောင်ပါ။ ကောလဟာလများကို နားမထောင်ပါနှင့်။ (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း သတိပေးချက်ကို ထုတ်ပြန်သည့် ဇစ်မြစ်အဖွဲ့အစည်း ဖြစ်ပါသည်။) ပြင်ပသို့အလည်အပတ်ထွက်ခြင်းမပြုပါနှင့်။

**ကြိုတင်သတိပေးချက်ထုတ်ပြန်လာသောအခါများတွင်ကလေးသူငယ်များကို နေအိမ်တွင်သာ နေစေသင့်ပါ သည်။**

- လေတိုက်ခတ်သည်ဖြစ်စေ၊ မတိုက်ခတ်သည်ဖြစ်စေ အဆောက်အအုံတွင်းတွင်သာ နေပါ။ ပြတင်းပေါက်များအနီးတွင် မနေပါနှင့်။
- ရေကြီးတတ်သော ဒေသများတွင် မိုးမပြတ်ရွာလျှင် သတိရှိပါ။
- နေအိမ်အတွင်း လျှပ်စစ်မီးကို ပိတ်ထားပါ။

### ဘေးကင်းစေရေး အကြံပြုချက်များ

- သတိပေးချက်ရရှိလျှင် သတ်မှတ်ထားသော ဘေးကင်းရာသို့ သွားပါ။
- ဒီရေလှိုင်းများ တက်လာနိုင်သဖြင့် ပင်လယ်ကမ်းစပ်သို့ မသွားပါနှင့်။
- ပြတ်ကျနေသော လျှပ်စစ်ဝါယာကြိုးများ၊ လဲကျနေသော ဓာတ်တိုင်များ အနီးသို့ မသွားပါနှင့်။

- ပျက်စီးနေသော တံတားများ၊ အဆောက်အအုံများ၊ သစ်ပင်များကို ဝေးဝေးရှောင်ပါ။
- ရေကြီးစဉ် သို့မဟုတ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးချိန်တွင် ကပ်ရောဂါများ ကူးစက်ပြန့်ပွားတတ်သဖြင့် ရေကို ကျိုချက်ပြီးမှ သောက်ပါ။
- ရေလွှမ်းထားသော အစားအစာများကို မစားသုံးပါနှင့်။
- လမ်းလျှောက်နေစဉ် သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်နေစဉ် ရေစီးများကို ရှောင်ကြဉ်ပါ။

## လူမှုစိတ်ပိုင်းဆိုင်ရာအကြောင်းအရာ

မိသားစုအား အခက်အခဲ အခြေအနေကို ရင်ဆိုင်နေရကြောင်းနှင့်ဒုက္ခရောက်နေချိန်တွင် အကောင်းဆုံး မည်သို့တုံ့ပြန်ဆောင်ရွက်နိုင်မည်ကို ရှင်းရှင်းလင်းလင်း ပြောကြားပါ။ အောက်ဖော်ပြပါတို့ကို ပြောကြားနိုင်ပါသည်-

- မည်သည့်အခြေအနေဖြစ်လာသည်မဆို ရင်ဆိုင်နိုင်ရန် စိတ်ဓာတ်ရေးရာ ပြင်ဆင်ထားရန်၊ သတ္တိရှိရန်၊
- စိတ်ကိုတည်ငြိမ်စွာထားရန်၊ ရှင်းရှင်းလင်းလင်းစဉ်းစားရန်၊ချင့်ချိန်ဆောင်ရွက်ရန်၊
- အတူတကွ တစ်စုတစ်စည်းတည်း ရှိနေပြီး အချင်းချင်းပံ့ပိုးကူညီရန်၊
- ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများ၊ မသန်စွမ်းသူများ ကဲ့သို့ ခုခံကာကွယ်နိုင်စွမ်းအနည်းဆုံးသူများကို စောင့်ရှောက်ရန်

ဒေသအတွင်း မကြာခဏ ရေကြီးတတ်ပါက ကလေးသူငယ်များနှင့် မိသားစုများသည် ရေကြီးမှုအတွက် စိတ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ပြီးဖြစ်စေရန် လုပ်ဆောင်ပါ။ အောက်ဖော်ပြပါ အပြုသဘောစိတ်ဓာတ်မွေးမြူထားခြင်းဖြင့် အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အထောက်အကူပြုပါလိမ့်မည်။

- ရေကြီးခြင်းမှာ ဒေသအတွင်း အမြဲတစေ ဖြစ်တတ်သည်။
- ရေကြီးလျှင် ဘာလုပ်ရမည်၊ ဘယ်သွားရမည်ကို သိသည်၊ ရင်ဆိုင်နိုင်သည်၊ မကြောက်ရွံ့ပါ။
- မိသားစုနှင့်ရပ်ရွာလူထုသည် ပြင်ဆင်ထားပြီးဖြစ်သည်။ ယခင်ကလည်း ရင်ဆိုင်ဖူးသည်၊ နောက်ထပ် ရင်ဆိုင်ကျော်လွှားနိုင်သည်။

## ဆူနာမီရေလှိုင်း

### ကြိုတင်ပြင်ဆင်ခြင်း

ဒေသအတွင်း ဆူနာမီရေလှိုင်းဒဏ်ခံရတတ်ပါက ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဆက်သွယ်ပါ။ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အဆိုပါ ကော်မတီနှင့် ပူးပေါင်း၍ရေးဆွဲပါ။ ကျောင်းနှင့်အနီးဆုံးဘေးကင်းသောနေရာနှင့် ယင်းနေရာသို့ သွားရောက်နိုင်မည့်လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ကျောင်းတွင် ဆူနာမီဘေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ပြီး အားနည်းချက်များ နည်းပါးစေရန် ဆောင်ရွက်ပါ။

### ကြိုတင်သတိပေးခြင်း

ဆူနာမီရေလှိုင်းမဖြစ်ပွားမီ ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ပါသည်။ သို့သော် သတိပေးချက်ကို အချိန်အနည်းငယ်သာကြိုတင်ရနိုင်ပါသည်။

အချိန်လုံလောက်စွာ ကြိုတင်သတိပေးချက်ရရှိပါက အရေးကြီးသော ကျောင်းစာရွက်စာတမ်းများကို မပျက်မဆီး ထိန်းသိမ်းနိုင်ရန် စီစဉ်ပါ။ သို့သော် ကျောင်းသား၊ကျောင်းသူများကို မလုပ်ဆောင်ပါစေနှင့်။ ဘေးကင်းရာသို့ ရွှေ့ပြောင်းသည့် လုပ်ငန်းစဉ်ကိုလည်း မနှောင့်နှေးပါစေနှင့်။

ကမ်းရိုးတန်းဒေသဖြစ်ပါက လျှင်လှုပ်လျှင် ရေဒီယိုကို ဖွင့်၍ ဆူနာမီ သတိပေးချက် ရှိ/မရှိ နားထောင်ပါ။ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် အစိုးရအဖွဲ့အစည်းများက ထုတ်ပြန်သော သတင်းများကို နားထောင်ပါ။ ယုံကြည်စိတ်ချရသော အရင်းအမြစ်မှ တိကျမှန်ကန်သော သတင်းအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။ ကောလဟာလများကို နားမထောင်ပါနှင့်။

**သတိပေးချက်လက်ခံရရှိလျှင် သတ်မှတ်ထားသော ဘေးကင်းရာနေရာသို့ ရွှေ့ပြောင်းရန် စီစဉ်ပါ။**

### ဘေးကင်းစေရေး အကြံပြုချက်များ

- ကုန်းတွင်းပိုင်း မြေမြင့်ရာသို့ ချက်ချင်း ရွှေ့ပြောင်းပြီး ယင်းနေရာတွင်ပင် နေပါ။
- ဆူနာမီရေလှိုင်း ဝင်ရောက်လာသည်ကို မည်သည့်အခါမျှ ကမ်းခြေသို့ သွား၍ မကြည့်ရှုပါနှင့်။
- လှိုင်းကို တွေ့မြင်နိုင်မည်ဆိုပါက နီးကပ်လွန်းပြီး လှိုင်းဘေးမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပါ။
- လှေဖြင့် ပင်လယ်ပြင်တွင်ရှိနေပါက ပင်လယ်မှာပင် နေပါ။ ကမ်းသို့ မပြန်ပါနှင့်။

- ဆူနာမီဖြစ်ပွားပြီးသောအခါ အန္တရာယ်ကင်းရှင်းပြီဟု တရားဝင်မကြေညာမချင်း ရေကြီးသော နေရာဒေသများသို့ မသွားရောက်ပါနှင့်။
- ကျောင်းသားကျောင်းသူများအား နေအိမ်သို့ ဘေးကင်းစွာ ပြန်လွှတ်ရန် စီစဉ်ပါ။ သို့မဟုတ် မိဘများ လာရောက်ခေါ်ယူမှသာလွှဲပြောင်းပေးပါ။

## မြေငလျင်

### ကြိုတင်ပြင်ဆင်ခြင်း

**သာမန်အားဖြင့် ငလျင်လှုပ်ခြင်းအတွက် ကြိုတင်သတိပေးချက်မရရှိနိုင်ပါ။**

ငလျင်ကိုမကြုံတွေ့မီကပင်ကျောင်းအတွက် ဘေးကင်းရေး အစီအစဉ်ရေးဆွဲထားရမည်။ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါ။

- သတ်မှတ်ထားသော နေရာတွင် အောက်ပါတို့ကို အမြဲထားရှိပါ။ သောက်ရေသန့်ပုလင်းများ၊ မပုပ်သိုးသော အစားအစာများ၊ ရှေးဦးသူနာပြုသေတ္တာ၊ လက်နှိပ်ဓာတ်မီး ဖြစ်နိုင်ပါက ဓာတ်ခဲသုံး ရေဒီယိုနှင့် ဓာတ်ခဲအပိုများ
- ငလျင်လှုပ်စဉ် ကျောင်းအတွင်း ခိုလှုံနိုင်မည့် နေရာများကို သတ်မှတ်ထားပါ။
- ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများငလျင်လှုပ်ခြင်းအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ပုံမှန် ပြုလုပ်ပါ။

### ဘေးကင်းစေရေး အကြံပြုချက်များ

ငလျင်လှုပ်သောအခါ မည်သည့်နေရာတွင် ဘေးကင်းမည်ကို စဉ်းစားရန် အချိန်မရှိပါ။ သင့်လျော်စွာ ချက်ချင်း တုန့်ပြန်ဆောင်ရွက်နိုင်ရန်နှင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလိုအပ်ပါသည်။ ငလျင်လှုပ်စဉ် ဘေးကင်းစေရေး အကြံပြုချက်အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

- **ထိုင်ချ၊အကာအကွယ်ယူ၊ ကိုင်ထား။** ဝပ်နေပါ။ ဦးခေါင်းနှင့် လည်ပင်း ကို လက်သို့မဟုတ်လွယ်အိတ်ဖြင့်ဖုံး၍ကာကွယ်ထားပါ။ လျှောမသွားစေရန် ခိုင်မြဲသောအရာ တစ်ခုခုကို ကိုင်ထားပါ။
- ခိုင်မာသောအကာအကွယ် အနီးအနားတွင် မရှိပါက ခိုင်ခန့်သော နံရံတစ်ခုဘေး ကြမ်းပြင်တွင် ဒူးထောက်၍



သို့မဟုတ် ထိုင်၍ နေပါ။

- ဟန်ချက်ညီစေရန် လက်နှစ်ဘက်ကို ကြမ်းပေါ်တွင် ထောက်ထားပါ။
- ပြတင်းပေါက်များ၊ စာအုပ်စင်များ၊ ပြိုကျနိုင်သောလေးလံသည့်အရာဝတ္ထုများ အနီးတွင် မနေပါနှင့်။
- ငလျင်လှုပ်နေဆဲအချိန်တွင် အဆောက်အအုံအတွင်းမှ ပြင်ပသို့ ပြေးမထွက်ပါနှင့်။
- အဆောက်အအုံပြင်ပတွင် ရှိနေစဉ် ငလျင်လှုပ်ပါက ပြုတ်ကျသော အပျက်အစီးများ၊ လျှပ်စစ်ဝါယာကြိုးများ၊ သစ်ပင်များကို လွတ်အောင်ရှောင်၍ လေဟာပြင်နေရာတစ်ခုသို့ သွားရောက်ပါ။ ငလျင်လှုပ်ခြင်းရပ်သွားသည်အထိ ယင်းနေရာတွင် နေပါ။

မှတ်သားရန်အချက်အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

- ငလျင်ပထမအကြော့ လှုပ်ပြီးပါက နောက်ဆက်တွဲငလျင်အတွက် ကြိုတင်ပြင်ဆင်ထားပါ။ နောက်ဆက်တွဲငလျင်များသည် ပြင်းထန်မှုနည်းသော်လည်း နောက်ထပ်အပျက်အစီးများဖြစ်စေနိုင်ပါသည်။ မခိုင်ခံ့သောအဆောက်အအုံများကိုလည်း ပြိုကျစေနိုင်ပါသည်။
- ပျက်စီးနေသော အဆောက်အအုံများအတွင်း ပြန်လည်ဝင်ရောက်ခြင်းမပြုပါနှင့်။ ဆိုးရွားစွာပျက်စီးသော အဆောက်အအုံများမှ ဝေးရာတွင်နေပါ။
- ထိခိုက်ဒဏ်ရာရရှိသူ သို့မဟုတ် ပိတ်မိနေသူများကို ကူညီပါ။ လိုအပ်ပါက ရှေးဦးသူနာပြုစုပေးပါ။
- အာဏာပိုင်များက အန္တရာယ်ကင်းရှင်းပြီဟု ဆိုမှသာ နေအိမ်သို့ ပြန်ပါ။

## နောက်ဆက်တွဲ ၂

## လွယ်လင့်တကူကိုးကားရန်ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးညွှန်ပြချက်များ

- ☑ ကျောင်းမှာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ် ရှိပါသလား။
- ☑ ကျောင်းမှာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းထားပါသလား။
- ☑ ကျောင်းမှာ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားပါသလား။
- ☑ ဇာတ်တိုက်လေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ပါသလား။
- ☑ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကိုအချိန်ကာလအလိုက်ဖြည့်စွက်ပြင်ဆင်ပါသလား။
- ☑ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်ကို အားလုံး သိရှိရန်ဖြန့်ဝေပါသလား။
- ☑ ဘေးကင်းရာသို့သွားသောလမ်းနှင့်ထွက်ပေါက်များတွင် အတားအဆီး၊ အပိတ်အဆို့များ ကင်းပါသလား။
- ☑ ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များကို အသိပညာပေးရေး ပုံမှန် လုပ်ဆောင်ပါသလား။
- ☑ ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များကို သင်တန်းပေးထားပါသလား။
- ☑ ရှေးဦးသူနာပြုသေတ္တာ၊သဲပုံးများကဲ့သို့သော အခြေခံ ဘေးအန္တရာယ်ကင်းရှင်းရေးပစ္စည်း ကိရိယာများ ကျောင်းတွင် ထားရှိပါသလား။
- ☑ ပုံမှန်ဖြည့်စွက်စာရင်းပြုစုထားသောအရေးကြီးဆက်သွယ်ရမည့်စာရင်းရရှိနိုင်ပါသလား။
- ☑ ဘေးအန္တရာယ်စီမံခန့်ခွဲရေးကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းထားပါသလား။
- ☑ အဆောက်အအုံနှင့်ပတ်ဝန်းကျင်ကို နည်းပညာကျွမ်းကျင်သူများက ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အကဲဖြတ်ပြီး ဖြစ်ပါသလား။

## List of the participants of the Wider Consultation Workshop on CBDRM Manuals' held on 21st October 2009 at Yangon

| Sr. No. | Name | Organisation | E-mail |
|---|---|---|---|
| 1 | Thang Boi | Metta Dev. Foundation | kaputhang@gmail.com |
| 2 | K.G. Mathaikutty | LWF | mathewlwsi@gmail.com |
| 3 | Toshihiro Tanaka | UNDP | toshihiro.tanaka@undp.org |
| 4 | Dr. Yinn Mar Myo Aung | Tdh-It | helath@tdhitaly.org.mm |
| 5 | Srinivas Popuri | UN-HABITAT | spopuri@gmail.com |
| 6 | Nadve Wakeed | UN-HABITAT | |
| 7 | Soe Win | UN-HABITAT | soe.engin@gmail.com |
| 8 | Zaw Linn Oo | Archenova | arche.myanmar@gmail.com |
| 9 | Naomi Anatol | French Red Cross | drr.myanmar.frc.02@gmail.com |
| 10 | Suriya Aslim | ASEAN HTF | suriya.aslim@gmail.com |
| 11 | Myint Myint San | UNESCO | mm.san@unesco@org |
| 12 | Tom McNelly | ACF | drr.acf.mya@gmail.com |
| 13 | Anggiet Ariefianto | ASEAN HTF | anggiet.aseanhtf@gmail.com |
| 14 | Euima Deaonder | CARE | euima@care.org.mm |
| 15 | MMK | UNDP | |
| 16 | Alex | UNDP | |
| 17 | Dillip Kumar Bhanja | UNDP | dillip.bhanja@undp.org |
| 18 | Aung Kyi | UNDP | |
| 19 | Soe Soe Tun | UNDP | soesoetun6@gmail.com |
| 20 | Lat Lat Aye | ADPC | latlat.adpc@gmail.com |
| 21 | Maung Maung Khin | MRCS | dm1@mrcs.mpt.mm |
| 22 | Sital Kumar | Action Aid | sitalku@gmail.com |
| 23 | Aye Kyaing | UNDP | aye.kyaing.mya001@undp.org |
| 24 | Stenly Sajow | UNFPA | ssajow@unfpa.org |
| 25 | Sudhir Kumar | ADPC | sudhir@adpc.net |
| 26 | Than Than Myint | ADPC | thanthan.adpc@gmail.com |
| 27 | Maung Khank | ADPC | khank184@gmail.com |

## ကိုးကားစာအုပ်စာတမ်းများ


1. *National Guidelines for School Disaster Safety, Columbo 2008,* Center for Education Leadership Development of the National Institute of Education Disaster Management Centre / Ministry of Disaster Management & Human Rights, Columbo & Asian Disaster Preparedness Center, Bangkok
2. *School Earthquake Safety Guideboook,* British Columbia, Ministry of Education
3. *A Proposal for Disaster Management and Contingency Planning for Schools in Mumbai*, Prof. Ravi Sinha, Department of Civil Engineering, Indian Institute of Technology, Bombay
4. *Resource Pack,* Disaster Preparedness and Response Education (DPRE) Working Group Myanmar, UNESCO
5. *Manual on 'Community First Aid'*, UNDP Myanmar and ADPC
6. *Manual on 'Community Search and Rescue'*, UNDP Myanmar and ADPC

ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးလက်စွဲစာအုပ်

EUROPEAN COMMISSION
Humanitarian Aid

DFID Department for International Development

adpc

UNDP
Myanmar